**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၀၈)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ အင်္ဂါနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ သာသနဗိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



ကထိန်အလှူခံကျောင်း နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဝဇိရာနန္ဒသုဗောဓာရုံကျောင်းတိုက် ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။




# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်)

## နိုင်ငံအတွက် မှတ်တမ်း မှတ်တိုင် မော်ကွန်းတင်သည့်ခရီးစဉ်

မြန်မာအဘိဓာန်တွင် မှတ်တမ်းဟူသည်ကို "အရှည်သဖြင့်သိမှတ်ဖွယ်ရာတို့ကို ရေးမှတ်ထားသောစာ" ဟုလည်းကောင်း၊ မှတ်တိုင်ကို "အစဉ်သတိရဖွယ်ဖြစ်သော ထူးခြားသည့်အဖြစ်အပျက်"ဟုလည်းကောင်း၊ မော်ကွန်းကို "နောင်ကာလကြာရှည်စွာအမှတ်တရဖြစ်စေရန် မှတ်တမ်းတင်ရေးဖွဲ့သည့်စာ။ ကာလကြာရှည်တည်တံ့အောင်ရေးထိုးထားသောစာ။ ထိန်းသိမ်းထားသောမှတ်တမ်း"ဟုလည်းကောင်း ဖော်ပြထားပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ ပြည်ပခရီးစဉ်သည် နိုင်ငံတော်အတွက်မှတ်တမ်း၊ မှတ်တိုင်၊ မော်ကွန်းတင်ထိုက်သည့် ခရီးအဖြစ်ရှိနေမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ဖိတ်ကြားချက်အရ တရုတ်နိုင်ငံတွင်ကျင်းပသည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း ကူမင်းမြို့၌ကျင်းပသည့်ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်နယ်အဆင့်တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကူမင်းမြို့၊ ချုံချင့်မြို့နှင့်ရှန်းကျန့်မြို့တို့ရှိအထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့လေ့လာခြင်းစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အပြုသဘောဆောင်သည့် စီးပွားရေးဆိုင်ရာဆွေးနွေးမှုရလဒ်များပေါ်ထွက်လာအောင်ဖော်ဆောင်နိုင်ခဲ့သည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့်လည်း နှစ်နိုင်ငံအစိုးရနှင့်ပြည်သူများအကြားချစ်ကြည်ရေး၊ စီးပွားရေးနှင့်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် ခရီးစဉ်ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေးမှုတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်မြန်မာနိုင်ငံအကြားနားလည်မှုစာချွန်လွှာနှင့်သဘောတူစာချုပ်လဲလှယ်ခြင်းတွင် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့နှင့် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး၊ မန္တလေးတို့အကြားမြေနေရာငှားရမ်းခြင်းစာချုပ်လဲလှယ်ခြင်း၊ သင်တန်းကျောင်းများအဆင့်မြှင့်တင်ခြင်းစီမံကိန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် ဓာတုဆိုင်ရာလိုအပ်ချက်များနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာသဘောတူညီချက်၊ တိကျစွာတိုင်းတာခြင်းနည်းပညာပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်ရန်အတွက်နားလည်မှုစာချွန်လွှာ၊ တရုတ်နိုင်ငံ၏စံချိန်စံညွှန်းသတ်မှတ်ရေးဆိုင်ရာစီမံခန့်ခွဲရေးဌာန(SAC)နှင့် မြန်မာနိုင်ငံသုတေသနနှင့်တီထွင်မှုဆန်းသစ်မှုဦးစီးဌာန(DRI)တို့ အကြား နားလည်မှုစာချွန်လွှာ၊ အားကစားကဏ္ဍမြှင့်တင်ရေးနားလည်မှုစာချွန်လွှာစသည်တို့အပါအဝင် နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် ခုနစ်ခုကိုနှစ်နိုင်ငံဝန်ကြီးချုပ်များရှေ့မှောက်၌ တာဝန်ရှိသူများကလဲလှယ်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ယခုခရီးစဉ်တွင် နိုင်ငံရေးအရ တရုတ်နိုင်ငံအနေဖြင့် ယခင်ကကဲ့သို့ပင် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကိုအားပေးကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။ တရုတ်နိုင်ငံ၏နယ်နိမိတ်၊ တရုတ်နိုင်ငံ၏နယ်မြေကိုအခြေပြုပြီး မြန်မာနိုင်ငံကိုဆန့်ကျင်နေသည့်သူများ၊ မြန်မာနိုင်ငံနှင့်ပတ်သက်ဆန့်ကျင်နေသည့်အဖွဲ့အစည်းမှန်သမျှကို လက်မခံကြောင်း တရုတ်နိုင်ငံဝန်ကြီးချုပ်က ကတိပြုပြောကြားခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံ၏မူဝါဒကိုထာဝစဉ်ကိုင်စွဲထားကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်ခိုင်မာစေရန်အတွက် တရုတ်နိုင်ငံအနေဖြင့် အမြဲတမ်းအားပေးထောက်ခံမှုကိုလည်းရရှိခဲ့သည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်များနှင့် အပြုသဘောဆောင်သည့်ဆက်ဆံရေး၊ အပြုသဘောဆောင်သည့်တိုးတက်မှုများရရှိအောင်ဆွေးနွေးနိုင်ခဲ့ကြောင်းသိရသည်။

စီးပွားရေးပိုင်းဆိုင်ရာတွင်လည်း မြန်မာနိုင်ငံသို့လာရောက်၍ရင်းနှီးမြှုပ်နှံလိုသည့်စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့သည်။ မြန်မာနိုင်ငံကိုလာရောက်ပြီး စီးပွားရင်းနှီးမြှုပ်နှံလိုမှု စိတ်ဝင်စားသူများ များလှသည်။ ထို့ပြင် မြန်မာ-တရုတ်စီးပွားရေးစင်္ကြံစီမံကိန်းများနှင့်ပတ်သက်၍ မကြာမီတိုးမြှင့်လာတော့မည်ဖြစ်သည်။ နိုင်ငံတိုင်းတွင်စီးပွားရေးသည်အဓိကဖြစ်သလို ပညာရေးကဏ္ဍသည်လည်း အဓိကနေရာတွင်ရှိသည်။ မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍတွင် တရုတ်နိုင်ငံပြည်နယ်အဆင့်နှင့်ဗဟိုအစိုးရအဆင့်များ၌ ပညာတော်သင်အဖွဲ့များပိုမိုပြီးခေါ်ယူမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးကိုဆက်လက်ပြီး ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ယခုခရီးစဉ်သည်မြန်မာပြည်သူလူထု၏လူမှုစီးပွားဘဝမြင့်မားရေးအတွက် အထူးအောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်သည်။ ထို့ကြောင့်ဤခရီးစဉ်နှင့်ပတ်သက်၍နိုင်ငံအတွက် မှတ်တမ်း၊ မှတ်တိုင်၊ မော်ကွန်းတင်ထိုက်သည့် ခရီးစဉ်အဖြစ်ဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၁၁-၂၀၂၄(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း | ၁၀။ | ၁၂:၀၀ | ၁၂ လရာသီမှတ်တမ်း |
| ၂။ | ၀၆:၀၃ | တရားတော် | ၁၁။ | ၁၆:၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၃။ | ၀၇:၁၅ | မေတ္တာပို့ | ၁၂။ | ၁၇:၅၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၄။ | ၀၇:၂၀ | ဓမ္မပူဇာတေး | ၁၃။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၅။ | ၀၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၄။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၆။ | ၀၇:၄၅ | မျိုးချစ်တပ်မတော် | ၁၅။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း** |
| ၇။ | ၀၇:၅၀ | မြန်မာ့ရှုခင်း | | | **ပုဂံမှာသာတဲ့လ(ပထမပိုင်း)** |
| ၈။ | ၀၈:၂၅ | ဆောင်းပါးပေါ်မှစာစုများ | | | **သရုပ်ဆောင် ရန်အောင်၊ မေသန်းနု** |
| ၉။ | ၀၉:၅၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | | | **ဒါရိုက်တာ မြတ်တင်အေး** |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၁၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ ခေတ်မီလက်မှုပညာသင်တန်းကျောင်းစီမံကိန်း ဖွင့်ပွဲအခမ်းအနားနှင့် အဝတ်အထည်ချုပ်လုပ်မှုသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲကျင်းပ





နေပြည်တော် နိုဝင်ဘာ ၁၁

အထည်အလိပ်နှင့်အဝတ်အထည်ဆိုင်ရာ ခေတ်မီလက်မှုပညာ သင်တန်းကျောင်း စီမံကိန်းဖွင့်ပွဲအခမ်းအနားနှင့် အဝတ်အထည်ချုပ်လုပ်မှုသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နေပြည်တော် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့်တက်ရောက်ပြီး ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ Guangxi Economic and Trade Vocational Institute (GXETVI)၊ Shenzhen Bok Times Technology and Development Co., Ltd . နှင့် Nanning Orient Daytonz Imp. & Exp. Co., Ltd. မှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ သင်တန်းဆင်းသင်တန်းသားများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဝတ်အထည်နှင့် အထည်ချုပ်ဆိုင်ရာ စီမံကိန်းနှစ်ခုဖြစ်သည့် Modern Craftsmanship Institute for Textile and Clothing နှင့် Textile and Apparel Industry Workers Training Center – Luban Workshop တို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Economic and Trade Vocational Institute (GXETVI) နှင့် နားလည်မှုစာချွန်လွှာများ ရေးထိုးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။


ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်စီးပွားရေးရာဝန်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီး Mr. Luo Shengfang ၊ Nanning Orient Daytonz Imp. & Exp Co., Ltd. မှ General Manager Mr. Xie Weidong တို့က အမှာစကားပြောကြားကြပြီး အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)တွင် အထည်ချုပ်သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာများကို Mr. Xie Weidong နှင့် အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီးတို့ကလဲလှယ်၍ အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ ခေတ်မီလက်မှုသင်တန်းကျောင်း စီမံကိန်း ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုပြသသည်။

ထို့နောက် အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာကိစ္စရပ်များ၊ Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီး Mr. Luo Shengfang က သင်တန်းပြီးမြောက်သူများစာရင်းကို ဖတ်ကြား၍ ဆုရရှိသောသင်တန်းသားများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)သို့ ထောက်ပံ့လှူဒါန်းမည့် သင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများပေးအပ်ခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ခြင်းများဆောင်ရွက်ကြပြီး စီမံကိန်း၏ ကမ္ပည်းမော်ကွန်းအား ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်စီးပွားရေးရာဝန်ကြီး၊ Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီး၊ Nanning Orient Daytonz Imp. & Exp Co., Ltd. မှ General Manager တို့က အမွှေးနံ့သာဖြင့်ပက်ဖျန်းပြီး ဒုတိယဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာသူများသည် သင်တန်းခန်းမအတွင်း သင်တန်းဆင်း Project များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(၅၀၀)

# ရေကူးအားကစားနည်းသည် ဆုတံဆိပ်များစွာ မျှော်မှန်းနိုင်သည့် အားကစားနည်းဖြစ်သည့်အတွက် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရမည်



နေပြည်တော် နိုဝင်ဘာ ၁၁

အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ သွေးစည်းညီညွတ်ရေးအစီအစဉ်ဖြင့် ရေကူးနည်းပြသင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Gold Camp ရှိ Multipurpose Hall ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ရေကူးအားကစားနည်းသည် အိုလံပစ်အားကစားနည်းဖြစ်သည့်အပြင် ဆုတံဆိပ်များစွာ မျှော်မှန်းနိုင်သည့် အားကစားနည်းဖြစ်သည့်အတွက် ရေကူးအားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် စာတွေ့လက်တွေ့ပို့ချသင်ကြားပေးမည့် ကမ္ဘာ့ရေကူးအဖွဲ့ချုပ်မှ တာဝန်ပေးအပ်သော နည်းစနစ်ကျွမ်းကျင်သူ အမေရိကန်နိုင်ငံမှ Mr. Buddhi Manoj Abeysinghe ကလည်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၉ ဦးဖြင့် နိုဝင်ဘာလ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ ထုပ်ဆီးတိုးပြိုင်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

ဝန်ထမ်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရန်၊ ဝန်ထမ်းများကျန်းမာကြံ့ခိုင်သန်စွမ်းမှုရရှိစေရန်၊ ဝန်ထမ်းအချင်းချင်း ရိုင်းပင်းကူညီစိတ်များနှင့်စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အထများရရှိစေရန် ရည်ရွယ်၍ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံး အပါအဝင် ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများ၏ ထုပ်ဆီးတိုးပြိုင်ပွဲကို ယနေ့တွင် ယင်းဝန်ကြီးဌာန၌ ကျင်းပသည်။

ပြိုင်ပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြည့်ရှုခဲ့ကြပြီး ပါဝင်ယှဉ်ပြိုင်ကစားကြမည့် အားကစားဝါသနာရှင် ဝန်ထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများ၏ထုပ်ဆီးတိုးပြိုင်ပွဲကို စတင်ကျင်းပကြပြီး ဝန်ကြီးဌာနမှဝါသနာရှင်ဝန်ထမ်း အားကစားသမားဦးရေ စုစုပေါင်း ၇၀ ဦးက ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားသွားဖြစ်ကာ ပြိုင်ပွဲကို နိုဝင်ဘာလ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၂°C |
| ရန်ကုန် | ၂၁°C | / | ၃၄°C |
| မန္တလေး | ၂၄°C | / | ၃၂°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**အကြမ်းဖက်မှုပပျောက်ရေးအတွက်ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

မှတ်သုံအပင့် မိုးအဖွင့်မှာတော့ မမျှော်လင့်မရည်ရွယ် မတွေးခေါ်မိသောသတင်းတစ်ခုက ကပ္ပိယကလေး ကျွန်တော့်ဆီသို့ ရောက်လာခဲ့သည်။ မြေပုံမြို့နယ်အတွင်းမှာ ဝပ်ကျင်းချနေကြသော ဗကပတို့အား နိုင်ငံတော်၏ ဖြတ်လေးဖြတ်စီမံချက်ဖြင့် အမြစ်ပြတ်ချေမှုန်းလိုက်ပြီဆိုသော သတင်းပင်ဖြစ်သည်။ ဒီတော့ ကျေးရွာမှာ စာကြည့်တိုက်ထူထောင်သည့် ပယောဂကြောင့် ကျွန်တော့်ကို မီးရှို့သတ်ကြမည့် အဖွဲ့အစည်းတစ်ခုမရှိတော့ပြီဟု ကျွန်တော်သိလိုက်ရပေတော့သည်။

● ● ● ● ● ● ●

ကျွန်တော်၏ပညာရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်းများကို နှောင့်ယှက်ဟန့်တားနေရုံမက ကျွန်တော့်ကိုပါ ခုတ်မယ်၊ ဖြတ်မယ်၊ ပါးပါးလှီးမယ် ရှားမီးနဲ့ကင်မယ်ဟု ကြုံးဝါးနေခဲ့ကြသူတို့ ကျရှုံးသွားကြပြီဟု သိလိုက်ရချိန်တွင် ကျွန်တော့်တပည့်များရှိရာ၊ ကျွန်တော်၏လူမှုဘဝ မီးရှူးတန်ဆောင်စာကြည့်တိုက်ရှိရာ အမေ့ရွာသို့ ကျွန်တော် အပြေးပြန်လာခဲ့ပေတော့သည်။

ဤတွင် ကျွန်တော်ပြောလိုသည်မှာ ဗကပ တို့ ကျရှုံးသွား၍ ကျွန်တော်ဝမ်းသာသွားခြင်းမဟုတ်ပါ။ သူတို့ဇာတ်သူတို့ကလို့ ပြည်ဖုံးကားချသွားကြခြင်းသာဖြစ်ပါသည်။ ကျွန်တော်နဲ့ မည်သို့မျှမပတ်သက်ပါ။ သူတို့ကျရှုံးသွားလို့ ကျွန်တော်ဝမ်းမနည်းသလို သူတို့အောင်မြင်သွားလို့လည်း ကျွန်တော်ပျော်ရွှင်မည်မဟုတ်ပါ။ ရှင်းရှင်းပြောရလျှင် လူသတ်ဝါဒကျင့်သုံးနေကြခြင်းကို ကျွန်တော်မုန်းသည်၊ ရွံသည်၊ ကြောက်ရွံ့သည်။

ကျွန်တော် အမေ့ရွာသို့ ခြေချမိသည်နှင့် အားသစ်လူငယ်စာကြည့်တိုက်ကို ပြေးဖွင့်သည်။ အမှိုက်လှည်းသည်။ စာအုပ်တွေသန့်ရှင်းရေးပြုလုပ်သည်။ သူ့နေရာနဲ့သူ စနစ်တကျထားသည်။ ကျောက်ဖြူမြို့က အသစ်ရလာခဲ့သော၊ တစ်နည်းအားဖြင့် အလှူခံလာသောစာအုပ်သစ်များကို မှတ်ပုံတင်စာရင်းသွင်းပြီး သူ့နေရာနဲ့သူ စနစ်တကျတန်းစီတင်ထားလိုက်သည်။

ကျွန်တော်ရောက်သည်ဟုဆိုလျှင်ပဲ ဆွေမျိုးတွေရော၊ ရွာသူရွာသားတွေရော၊ စာကြည့်တိုက်ကော်မတီဝင်လူငယ်တွေရော၊ ကျွန်တော့်တပည့်ကျောင်းသား၊ ကျောင်းသူတွေရော စုပြုံရောက်ရှိလာကြသည်။ စာမေးပွဲဖြေနိုင်ရဲ့လား၊ နေကောင်းပါရဲ့လား၊ ကျန်းမာပါရဲ့လား စသည်အားဖြင့် မင်္ဂလာစကား ပြောကြားကြသည်၊ သတင်းလာမေးကြသည်။

ကျွန်တော်ကလည်း မာကြောင်းသာကြောင်း



ပြောကြားပြီး စာမေးပွဲလည်း ကောင်းစွာဖြေဆိုနိုင်ကြောင်း ချမ်းမြကြည်သာ သုတိမင်္ဂလာစကားပြောကြားလိုက်ပေသည်။ ကျွန်တော်ရောက်ပြီး သိပ်မကြာမီပင် ၁၉၇၉ ခုနှစ်အတွက် အစိုးရစစ် ရှစ်တန်းစာမေးပွဲအောင်စာရင်းထွက်ရှိခဲ့သည်။ သရက်တောင်ရွာတွဲဖက်အလယ်တန်းကျောင်းက အဋ္ဌမတန်းစာမေးပွဲကို ၁၂ ယောက် ဝင်ရောက်ဖြေဆိုခဲ့ရာ လေးယောက်အောင်မြင်ခဲ့သည်။ မောင်သန်းဖေ၊ မောင်မောင်ဝင်း၊ မောင်ကျော်ဝင်းနှင့် မောင်ကျော်မြင့်တို့ပေတည်း။ အောင်ချက်ရာခိုင်နှုန်း ၃၃ ရာခိုင်နှုန်းဖြစ်ပေသည်။

၁။ မောင်သန်းဖေမှာ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲ့တပ်ဖွဲ့တွင် ဝင်ရောက်လုပ်ကိုင်ပြီး ရဲအုပ်အဆင့်ထိ တာဝန်ထမ်းဆောင်ကာ တောင်ငူခရိုင်ပြည်သူ့ရဲတပ်ဖွဲ့ရုံးက (ဆေးပင်စင်ဖြင့်) အနားယူခဲ့သည်။

၂။ မောင်မောင်ဝင်းကတော့ မိဘရိုးရာလယ်ယာအလုပ်ကိုပဲလုပ်ကိုင်ပြီး ယနေ့ထက်တိုင် မွေးဖွားရာမြေ သရက်တောင်ရွာမှာပဲရှိသည်။

၃။ မောင်ကျော်ဝင်းကတော့ ပညာရေးဌာနတွင် ဝင်ရောက်လုပ်ကိုင်ပြီး ယခုအခါ မြေပုံမြို့နယ် စိတ္တရကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အလယ်တန်းကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၄။ မောင်ကျော်မြင့်မှာ ကာကွယ်ရေးဝန်ကြီးဌာနတွင် ဝင်ရောက်လုပ်ကိုင်ပြီး တာဝန်ထမ်းဆောင်ခဲ့သည်။

● ● ● ● ● ● ●

၁၉၇၉-၁၉၈၀ ပညာသင်နှစ်စပါပြီ။ မိုးဦးရာသီ ပီပီ ဝသန်မိုးက သွန်းဖြိုးစွေရွာနေခဲ့လေပြီ။ ဒီနေ့မှာ ခါတိုင်းနေ့များထက် မိုးပိုရွာနေခဲ့လေသလားမသိ။ တစ်နေကုန်ဆိုသလိုပါပဲ။ ညနေ ၇ နာရီလောက်တွင် ကျွန်တော်သည် ပုဆိုးကို ခါးတောင်းကျိုက်ပြီး ထီးတစ်ချောင်းကိုဖွင့်ဆောင်းကာ ဆရာဦးစောမောင်လှ နေအိမ်ဘက်သို့ ခပ်သွက်သွက်လျှောက်လာခဲ့သည်။

"ဆရာ ဆရာရေ တံခါးခဏဖွင့်ပါဦးဗျ"

"ဘယ်သူလဲ"

"ကျွန်တော် ဘညွန့်ပါ"

"သြော် ကိုဘညွန့်လား လာ လာ လာ"

ဆရာဦးစောမောင်လှ တံခါးကို ဖွင့်ပေးလိုက်သည်။

"ဆရာ့ဆီ ရေဒီယို နားထောင်ဖို့လာတာ၊ ဒီနေ့ ဆယ်တန်းအောင်စာရင်းကြေညာမယ်လေ"

"သြော် ဟုတ်သားပဲ၊ ဒီနှစ် ကိုဘညွန့် သေချာတယ်မဟုတ်လား"

"ရှုံးဖူးထားတော့လည်း ခပ်ကြောက်ကြောက်ဖြစ်နေပါပြီဗျာ"

ကျွန်တော့်မှာ ရယ်ရယ်မောမောပြောရင်း ဖျာပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ရင်ခုန်လိုက်ဦးပေါ့ဗျာဟဲ ဟဲ ဟဲ"

ကျွန်တော် ရောက်သည်ဆိုလျှင်ပဲ ဆရာဦးစောမောင်လှ ရေဒီယိုကက်ဆက်ကို ဖွင့်လိုက်သည်။ သိပ်တောင်မကြာ သတင်းကြေညာချက်ထွက်ပေါ်လာသည်။

"ခုချိန်ကစပြီး ၁၉၇၉ ခုနှစ် အခြေခံပညာအထက်တန်းအောင်မြင်ကြသူများအနက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောစာစစ်ဌာနများမှ အောင်မြင်ကြသူများစာရင်းကို ကြေညာပါ့မယ်"

ကျွန်တော်တို့ပြောနေရင်းပင် ရေဒီယိုမှ ကြည်လင်ပြတ်သားသောအသံလေးက ထွက်ပေါ်လာသည်။ အောင်စာရင်းကြေညာသူအမျိုးသမီးမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အောင်စာရင်းများကို တစ်ခုပြီးတစ်ခု ကြေညာနေ၏။

"ရခိုင်ပြည်နယ် ကျောက်ဖြူစာစစ်ဌာနက (က) အဆင့်ဖြင့် အောင်မြင်ကြသူများစာရင်းကို ကြေညာပါ့မယ်"

ကျွန်တော် ရင်ဘတ်ထဲ ထိတ်ခနဲဖြစ်သွားသည်။ အခန်းထဲတွင် ရေဒီယိုက ထွက်ပေါ်နေသောအသံမှအပ တိတ်ဆိတ်နေသည်။ အပြင်မှာတော့ မိုးက ရွာမြဲရွာနေသည်။ ညအက္ခရာသို့ ရောက်လာပြီဖြစ်၍ တဖြည်းဖြည်း ကျွန်တော့်ခုံနံပါတ်နဲ့ နီးလာသည်။ ကျွန်တော်ပိုပြီးရင်ခုန်လာသည်။ စိုးရိမ်စိတ်ကြောင့် ကြောက်သလိုလိုလည်းဖြစ်နေသည်။

"ခုံအမှတ် ဒက/၈၂၉ မောင်ဘညွန့်"

"ဟေး အောင်ပြီကွ"

"ဘညွန့် ၁၀ တန်းစာမေးပွဲ တကယ်အောင်ပြီကွ"

ကျွန်တော်သည် ဆရာဦးစောမောင်လှကို နှုတ်ဆက်ဖော်ပင်မရဘဲ အိမ်ပေါ်မှပြေးဆင်းလာခဲ့တော့သည်။

■ ■ ■ ■ ■ ■ ■

**ဆက်လက်ဖော်ပြပါမည်။**

## ထိုင်းနိုင်ငံ၌ ကျင်းပမည့် မြင်းစီးပြိုင်ပွဲအတွက် ကစားသမားရွေးချယ်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ထိုင်းနိုင်ငံ၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပမည့် Princess Cup Show Jumping (Junior) မြင်းစီးပြိုင်ပွဲအတွက် ကစားသမားရွေးချယ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း) မြို့နယ်ရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် မြင်းစီးအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ Show Jumping Junior (တန်းခုန်ပြိုင်ပွဲ) ကစားသမားရွေးချယ်ပွဲကို နိုဝင်ဘာလ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပရေးကော်မတီမှ ချမှတ်ပေးသောမြင်း (Borrow Horse) စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ပြိုင်ပွဲနည်းပညာဆိုင်ရာဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၆ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အသင်းဝင်ဖြစ်ရမည်ဖြစ်ပြီး မြင်းစီးအားကစားအတွေ့အကြုံ အနည်းဆုံး တစ်နှစ်ရှိရမည်ဖြစ်ကာ အသက် ၁၃ နှစ်မှ ၁၈ နှစ်အတွင်းရှိ၍ နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

မြင်းစီးပြိုင်ပွဲ ကစားသမားရွေးချယ်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဦးဌေးကျော် (အထွေထွေအတွင်းရေးမှူး) ဖုန်း-၀၉-၇၉၅၄၀၈၀၅၂ နှင့် ဒေါက်တာစိုးထွန်း(ရုံးအဖွဲ့မှူး) ဖုန်း-၀၉-၅၁၅၈၀၁၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ဝန်းရံခ**

## အလုံမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အခမ်းအနားမှူးသင်တန်းဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၁၁**



ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင် အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အခမ်းအနားမှူးသင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၁၀ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ အလုံခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စာပေချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင်များ၊ အလုံမြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်ဌေးဌေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိမွန်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားမောင်ကောင်းထက်မြတ်က အလှကမ္ဘာမြေဝယ်၊ ဘယ်ပန်းချီရေးလို့မမီစသည့် သီချင်းများဖြင့်ဖျော်ဖြေခဲ့ကြောင်း၊ အဆိုပါသင်တန်းကို နိုဝင်ဘာလ ၁၀ ရက်မှ ၁၄ ရက်အထိ သင်တန်းသူ ၂၅ ဦးဖြင့် ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ယောရော(မြို့နယ် ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း အမိနိုင်ငံတော်အတွက် စွမ်းဆောင်ကြိုးပမ်းခဲ့မှုနှင့် ပြည်သူတို့၏ လှိုက်လှဲစွာကြိုဆိုနေမှုမြင်ကွင်းပုံရိပ်များ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား (၈)ကြိမ်မြောက်မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး ကြိုဆိုညစာစားပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြို့နီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့်တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချုံချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၀)ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးသို့တက်ရောက်ဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Zhongyue Aviation UAV Firefighting-Drone Co.,Ltd. မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း အမိနိုင်ငံတော်အတွက် စွမ်းဆောင်ကြိုးပမ်းခဲ့မှုနှင့် ပြည်သူတို့၏ လှိုက်လှဲစွာကြိုဆိုနေမှုမြင်ကွင်းပုံရိပ်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited တွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် BYD မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တရုတ်ရိုးရာ နဂါးနှင့်ခြင်္သေ့အကအဖွဲ့တို့ဖြင့် ဂုဏ်ပြုကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာသောင်းသောင်းဖြဖြကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် တိုင်းရင်းသားပြည်သူများက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဂုဏ်ပြုကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာသောင်းသောင်းဖြဖြကြိုဆိုနေစဉ်။

⊃ ကျောဖုံးမှအဆက်

(အောက်မြန်မာပြည်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီးတို့မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

ရက်စွဲ၊၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီး အစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူခြင်းတို့အတွက် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း

## တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားအသင်းအဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

ရက်စွဲ၊၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( ၁၁ )ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ကျင်းပသည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူခြင်းတို့အတွက် တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားအသင်းအဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားအသင်းအဖွဲ့များကိုယ်စား
မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်
ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း
ဟုတ်ကြန့် (ဖူကင်)တရုတ်အမျိုးသားအသင်း
ကောင်းတုံကုန်သည်နှင့်လုပ်ငန်းရှင်များအသင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီး အစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်း ဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ခဲ့ပြီး ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူနိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## လူမျိုးပေါင်းစုံညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့ (ယာယီ)၏ ဝမ်းမြောက်ဂုဏ်ယူကြောင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တက်ရောက်ဆွေးနွေးသည်။

အဆိုပါခရီးစဉ်တွင် မြန်မာနိုင်ငံကြီးဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးလုပ်ငန်း စီမံကိန်းများရေးဆွဲနိုင်ခဲ့ခြင်းအပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့်တွေ့ဆုံ၍ အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် လူမျိုးပေါင်းစုံညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့(ယာယီ)က လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)

မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်
Myanmar Evangelical Christian Alliance
MEMBER BODY OF: Asia Evangelical Alliance WEA World Evangelical Alliance

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်

(၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ခဲ့ပြီး ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအားရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား -မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခြင်းတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)**

စာမျက်နှာ ၈ သို့ ⊃

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦးတွေ့ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၃-၁၁-၂၀၂၄ ရက် ည ၈ နာရီမှ ၁၀-၁၁-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၉၇၇၀ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁ ရာခိုင်နှုန်းဖြစ်**သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

# ဘုတလင်မြို့နယ်၌ မိုးနှမ်း ၃၃၅၀၅ ဧက ရိတ်သိမ်းပြီးစီး

ဘုတလင် နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောမိုးနှမ်း ၃၃၅၀၅ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဘုတလင်မြို့နယ်၌ မိုးနှမ်းဧက ၅၂၀၇၀ လျာထားစိုက်ပျိုးခဲ့ရာ ၅၃၁၀၂ ဧကအထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့အထိ ၃၃၅၀၅ ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၈ တင်းထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ဘုတလင်မြို့နယ်၌ မိုးနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခြင်းတို့ဆောင်ရွက်သည်။

GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။ (၄၀၉)

⊃ စာမျက်နှာ ၇ မှအဆက်

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်

ALL MYANMAR HINDU CENTRAL COUNCIL

No. 387-395(1st Floor), Room No. A2, Bo Aung Kyaw Street, Kyauktada Township, Yangon.
Tel : 01-8245648    E-mail : amhcc201902@gmail.com

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီး အစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီး အစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်း ဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများကို တက်ရောက်၍ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင်ဆွေးနွေးနိုင်ခဲ့ပါသည်။

ထို့ပြင် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု မဟာဗျူဟာ၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်နိုင်မှုပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟို အဖွဲ့ချုပ်က လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီးလ် ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)

ALL MYANMAR TAMIL HINDU FOUNDATION (H.Q.)

No. 111/113, 54th Street, 4th Quarter, Botahtaung Township, Yangon.
Tel. 01 298323, 01 298962, 01 299241

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား -မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေးနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခြင်း၊ မြန်မာနိုင်ငံသို့ စီးပွားရေးလုပ်ငန်းရှင်များမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် ဖိတ်ခေါ်နိုင်ခဲ့ခြင်းနှင့် မြန်မာနိုင်ငံအတွက် အကျိုးရှိမည့်စီမံကိန်းများ ဖော်ဆောင်နိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မဟာမဲခေါင် ဒေသခွဲထိပ်သီး အစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေး နှင့်(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများသို့ တက်ရောက် ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါ သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

# ကျောက်ဆည်မြို့နယ်တွင် ခရိုင်အဆင့် မီးခိုး/မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



ကျောက်ဆည် နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် သစ်တောဦးစီးဌာနမှ ခရိုင်အဆင့် မီးခိုး/မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေး အန္တရာယ် ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ကျောက်ဆည်မြို့နယ် King Shine ကုမ္ပဏီလီမိတက်အထည်ချုပ်စက်ရုံ၌ ကျင်းပရာ စက်ရုံနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာသူ၊ ကျေးရွာသားများ၊ စက်ရုံကြီးကြပ်ရေးမှူးများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၇၉ ဦး တက်ရောက်သည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေး-၃က မီးခိုး/မြူငွေ့လျှော့ချရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်လျှော့နည်းစေရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးလမင်းသန့်က ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေးခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများအား တာဝန်ရှိသူများက မီးခိုး/မြူငွေ့နှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များနှင့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးပိုစတာများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# နိုဝင်ဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာ အဆင့် ၅၇ နေရာတွင် ရပ်တည်နေ

ရန်ကုန် နိုဝင်ဘာ ၁၁

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်(BWF)၏ နိုဝင်ဘာလအတွက် အမျိုးသမီးတစ်ဦးချင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာကြက်တောင်မယ်သက်ထားသူဇာသည် ကမ္ဘာ့အဆင့် ၅၇ နေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြုကစားနေသည့် ကြက်တောင်မယ် သက်ထားသူဇာသည် နိုဝင်ဘာလအတွက်ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်ရမှတ် ၂၈၂၈၀ မှတ်ဖြင့်ပြီးခဲ့သည့် အဆင့်သတ်မှတ်ချက်ထက် တစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့် ၅၇ နေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။


မြန်မာကြက်တောင်မယ်သက်ထားသူဇာသည် အိုလံပစ်ပြိုင်ပွဲများတွင် ဝင်ရောက်ကစားခွင့်ရရှိရန်အတွက် နောက်ပိုင်းကာလများတွင် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် အသိအမှတ်ပြု နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိနေပြီး ပြီးခဲ့သည့် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် ပြီးခဲ့သည့် ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲစသည့်ပြိုင်ပွဲနှစ်ကြိမ်ဆက် ဝင်ရောက်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

သက်ထားသူဇာသည်နောက်ဆုံးကစားခဲ့သည့်ပြိုင်ပွဲအဖြစ် ပြီးခဲ့သည့် တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် Sends China Ltd, Macau Open 2024 ပြိုင်ပွဲတွင် ဝင်ရောက်ကစားခဲ့ရာ ၃၂ နှစ်ဦးရှုံးထွက်အဆင့်တွင် ဂျပန်ကြက်တောင်မယ် Manami Suizu ကိုရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်(BWF)၏ နိုဝင်ဘာလအတွက် အမျိုးသမီးတစ်ဦးချင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် တောင်ကိုရီးယားကြက်တောင်မယ် An Se Young က အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

စည်သူအောင်

## မိုးလေဝသ သတင်း




## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ကျောက်မြောင်းမြို့နယ်ခွဲ၌မြေပဲ ၁၂၇၃၂ ဧက နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၄၁ ဒသမ ၄၅ တင်းထွက်ရှိ

**ကျောက်မြောင်း နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့နယ်ခွဲ၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောမြေပဲ ၁၂၇၃၂ ဧကနုတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲ၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင်မြေပဲဧက ၁၂၈၅၀ အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့်အဆိုပါစိုက်ပျိုးထားသော စိုက်ခင်းများကို ယခုနှစ်ဩဂုတ်လမှစတင်၍နုတ်သိမ်းခဲ့ကြရာ နိုဝင်ဘာလ ၁၁ ရက်အထိ ၁၂၇၃၂ ဧက နုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၄၁ ဒသမ ၄၅ တင်းထွက်ရှိသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင်နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက တင်း ၄၀ ကျော်ထွက်ရှိသည်။

ယခုနှစ်ကျောက်မြောင်းမြို့နယ်ခွဲ၌ မြေပဲစိုက်ခင်းများအား အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများကကွင်းဆင်း၍ ဆောင်ရွက်ပေးကြောင်းသိရသည်။

(၄၀၉)

# VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်



**ရမည်းသင်း နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာလ ၁၁ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရင်ဂါတ်ကုန်းကျေးရွာအုပ်စု ရှမ်းဘုရားကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ရှမ်းဘုရားကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများကတာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက်ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသောရှမ်းဘုရားကျေးရွာသူ၊ ကျေးရွာသားများကကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးကြောင်း သိရသည်။ **ချိုသန်းညွန့် (ကျေးလက်)**

# ကျောက်ဆည်မြို့နယ် ထုံးကြီးမြောင်းရှိ ရေကျအဆောက်အအုံ ပြန်လည်ပြုပြင်ပြီးစီး



**ကျောက်ဆည် နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆည်ရေပေးစနစ်ဖြင့် စိုက်ပျိုးသီးနှံများရေပေးရာတွင် ရေအလေအလွင့်ဆုံးရှုံးမှုနည်းပါးစွာ ပေးဝေနိုင်ရေး၊ ရေစီးရေလာကောင်းမွန်စွာ ပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ထုံးကြီးမြောင်းရှိရေကျအဆောက်အအုံတစ်ခုပြန်လည်ပြုပြင်ပေးသဖြင့် သီးနှံမျိုးစုံစိုက်ဧက ၂၂၇၂ ဧက ရေအလေအလွင့်ဆုံးရှုံးမှုနည်းပါး၍စိုက်ပျိုးရေများ ပြည့်ဝစွာပေးနိုင်ပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ ရေကျအဆောက်အအုံသည် ကျောက်ဆည်မြို့နယ် စပါယ်တောကျေးရွာအနီး ထုံးကြီးမြောင်း၏ပေတိုင်အမှတ် (၂၀+၄၀၀) တွင်တည်ရှိပြီး ရေကျအဆောက်အအုံ၏အောက်ပိုင်း ဝဲ/ယာ ရေတိုက်စားမှုကြောင့် မြောင်းပေါင်များနိမ့်ကျကာ ရေအလေအလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေပြီး မြောင်းပေါင်ကျိုးပေါက်မှုမှ ကာကွယ်ရန်အတွက် အမြင့် ၅ ပေ၊ အကျယ် ၁၀ ပေ၊ အလျား ဝဲ/ယာ R/W ပေ ၅၀ ၊ ဝဲ/ယာ လိုင်နင် ၂၅ ပေ ကျောက်သားစီ ပြန်လည်ပြုပြင်ပေးခြင်း ဖြစ်သည်။

အဆိုပါ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၈ သန်း အကုန်အကျခံပြီး ဆောင်ရွက်ခဲ့ကြောင်းနှင့်ရေကျအဆောက်အအုံပြန်လည်ပြုပြင်ပေးခြင်းကြောင့်အဆိုပါမြောင်းရေသောက်တောင်သူများ၏ မြေဧက ၂၂၇၂ ဧကကိုရေပေးဝေရာတွင် ရေစီးရေလာကောင်းမွန်၍ လုံလောက်စွာပေးဝေနိုင်ပြီဖြစ်သောကြောင့် တောင်သူများ၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ထူးကဲတဲ့ သည်အလှူတော်

❖ ဘုံကထိန် မြတ်သင်္ကန်း
လှူဒါန်းကြ သည်ချိန်ခါ၊
အလှူရှင်တွေ ပေါင်းစုလို့
ကောင်းမှုဝေဖြာ။
မြတ်ဗုဒ္ဓရဲ့သာသနာ
ရှည်ကြာစွာ တည်တံ့စေဖို့၊
မြတ်နိဗ္ဗာန် ရည်မှန်းကာ
လှူဒါန်းကြစို့။

❖ တစ်လမှာ တစ်ရက်တည်းမို့
ခက်ခဲတဲ့ အလှူတော်၊
တစ်ကျောင်းတွင် တစ်ကြိမ်မျှ
ခင်းခွင့်ရသော်။
တစ်ထည်သော သင်္ကန်းဖြစ်ရန်နော်
ဝိနည်းတော်မှာပြဋ္ဌာန်း၊
စည်းကမ်းကျနစွာနှင့်
ရွှေကျမ်းတော်လာ မိန့်မှာချက်ကို
ဦးထက်ဆင်မြန်း။

❖ သုံးတန်စေတနာ ပြဋ္ဌာန်းလို့
မဂ်လမ်းကိုတဲ့ရည်ရွယ်၊
နိဗ္ဗာန်တိုင်အောင်အကျိုးပေးမည့်
မျိုးစေ့သဖွယ်၊
ထူးကဲတဲ့ သည်အလှူတော်ဝယ်
ရရှိမယ် အကျိုးတရား၊
တရားတော်ကိုသေချာနာရမှ
သိကြအများ။ ။

**မောင်မောင်အေး(ဘိုကလေး)**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၁၂-၁၁-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော် စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

# မြိတ်မြို့၌ (၉၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲကျင်းပ



မြိတ် နိုဝင်ဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက် ဘုရားငါးဆူကွင်း၌ (၉၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရား ပူဇော်ပွဲကို ဗုဒ္ဓဘာသာအသင်းကြီးမှ ကြီးမှူး၍ နိုဝင်ဘာလ ၁၀ ရက် ညနေပိုင်းမှ စတင်ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တလာသန လှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော် ထံမှ မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်ဇော်နှင့် ဧည့်ပရိသတ်အပေါင်း တို့က ငါးပါးသီလခံယူကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော် များ နာယူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော် များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလ ကန်သာ ပရိယတ္တိ စာသင်တိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကို နိုဝင်ဘာလ ၁၀ ရက်မှ ၁၅ ရက်အထိ ဘုရား ငါးဆူကွင်း၌ စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပမည်ဖြစ်ကာ တန်ဆောင် မုန်းလပြည့်နေ့ ညနေတွင် ဘုရားငါးဆူ ကွင်း ယာယီစံကျောင်းတော်မှ မြို့တွင်း လှည့်လည်ပူဇော်ပွဲကို ဗုဒ္ဓဘာသာအသင်း ကြီးမှဦးဆောင်ကာ ဘုရားပွင့်စဉ်များ အလိုက် ပြာသာဒ်မော်တော်ယာဉ်များ ဖြင့် မီးအလှဆင်ကာ ရပ်ကွက်အသီးသီး သို့ သတ်မှတ်လမ်းကြောင်းအတိုင်း လှည့်လည်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈)ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအထူး မွမ်းမံသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်း ကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီးချုပ် နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံ မှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်း စစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဒုတိယစာရင်း စစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုသင်တန်းကျောင်း စီမံခန့်ခွဲမှု အဖွဲ့ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ဌာနအကြီးအကဲ များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ လူသားအရင်းအမြစ်၊ ငွေကြေးအင်အားနှင့် သယံဇာတအရင်းအမြစ်များသည် အကန့် အသတ်နှင့်ရှိနေပြီး ပြည်သူ့ဘဏ္ဍာရေးစီမံ ခန့်ခွဲမှုကောင်းမွန်ခြင်းဖြင့် ရှိပြီးအရင်း အမြစ်များ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန်နှင့် တည်ငြိမ်မှုရရှိအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအားကောင်း ခြင်းအပေါ်တွင် များစွာမူတည်လျက်ရှိ ကြောင်း၊ ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာ ရေးစီမံခန့်ခွဲမှုစနစ်ရှိရန်နှင့် လုပ်ငန်း စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်း များကို မွေးထုတ်ပေးနိုင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၈)တွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာတာဝန်ခံ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၃၄ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်း ကာလမှာ ရက်သတ္တပါးပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

(၅၀၀)






# ချည်ထည်လုပ်ငန်းဖြင့် အသေးစား အငယ်စား အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး စက်ချုပ်နည်းပညာ သင်တန်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ MSME လုပ်ငန်းများနှင့် OROP လုပ်ငန်းပါ ချည်ထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းစံပြကျေးရွာနှင့် လယ်ဝေး မြို့နယ် ကြံခင်းစံပြကျေးရွာတို့ရှိ အမျိုး သမီးများအလုပ်အကိုင်ရရှိစေရန် ဝင်ငွေ တိုးစီမံကိန်းဖြင့် စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၁၁ ရက် နံနက်ပိုင်းတွင် Incubation center ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီအဖွဲ့ဝင် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးအေဂျင်စီ(MSME Agency) ဥက္ကဋ္ဌ ဦးဇေယျာလင်းက အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းတွင် ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာမှ သင်တန်းသူ ၁၄ ဦးနှင့် လယ်ဝေးမြို့နယ်ကြံခင်းကျေးရွာ မှသင်တန်းသူ ၁၂ ဦးတို့ကို အခြေခံစက်ချုပ် နည်းပညာသင်တန်း တစ်လနှင့် မွမ်းမံ စက်ချုပ်နည်းပညာသင်တန်း ၁၅ ရက် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်း ကာလအတွင်း ဘာသာရပ်စုစုပေါင်း ၁၄ မျိုးကို သင်ကြားပို့ချပေးမည်ဖြစ် သည်။

သင်တန်းတက်ရောက်ပြီးပါက ကျေးရွာ တစ်ရွာလျှင် သင်တန်းဆင်းသင်တန်းသူများ ထဲမှ ထူးချွန်ပြီး အမှန်တကယ်လုပ်ငန်း ပြန်လည်လုပ်ကိုင်မည့်သူ ငါးဦးစီကို ရွေးချယ်၍ လုပ်ငန်းထူထောင်နိုင်သည် အထိ တစ်ဦးလျှင် အပ်ချုပ်စက်၊ ခေးစက်၊ ဘီတင်စက်၊ ထုပ်သီးရိုက်စက်တို့ကို ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ဇော်မျိုး(မြဝတီ)

# မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဆိုင်ရာ AI သင်တန်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၁

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဆိုင်ရာ AI(ဉာဏ်ရည်တုနည်းပညာ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ စက်မှုနည်းပညာလေ့ကျင့် သင်ကြားရေးသင်တန်းကျောင်း၌ ကျင်းပ သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ပါဝင်တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် စီမံကိန်းဆိုင်ရာ တာဝန်ရှိသူ များက သင်တန်းဆိုင်ရာအချက်အလက်များ ကိုရှင်းလင်းတင်ပြကြပြီး သင်တန်းဆရာ များက မိတ်ဆက်စကားပြောကြားကြ သည်။

အခမ်းအနားသို့ နည်းပညာ၊ သက်မွေး ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ သုတေသန နှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် ပြင်ပအဖွဲ့ အစည်းများမှ တာဝန်ရှိသူများ၊ စီမံကိန်း အဖွဲ့ဝင်များနှင့် သင်တန်းသားများတက် ရောက်ကြပြီး သင်တန်းကို နိုဝင်ဘာလ ၂၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန် အလှူပွဲကျင်းပ

ကာလိ နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့ ငွေတောင်ဦးမင်္ဂလာသီရိ(သိန်းဖျံ)ကျောင်း တိုက်၌ မြို့လုံးကျွတ်စုပေါင်းမဟာဘုံ ကထိန်အလှူပွဲကို နိုဝင်ဘာလ ၁၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ငွေတောင်ဦးမင်္ဂလာသီရိ (သိန်းဖျံ)ကျောင်းတိုက်၌ သီတင်းသုံး တော်မူလျက်ရှိသော ဆရာတော်၊ သံဃာ တော်များအား ကာလိမြို့ အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်သန်းနှင့် ဌာနဆိုင်ရာဝန်ထမ်း များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြ သည်။

ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တက်ရောက်လာကြသူများက ငွေတောင်ဦး မင်္ဂလာသီရိ(သိန်းဖျံ)ကျောင်းတိုက်ဆရာ တော်ဦးဝိစိတ္တထံမှငါးပါးသီလခံယူဆောက် တည်ကြကာ သံဃာတော်အရှင်သူမြတ် များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီးဆရာတော်၊ သံဃာ တော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ သည်။

ယင်းနောက် တက်ရောက်လာကြသူ များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။


အဆိုပါစုပေါင်းမဟာဘုံကထိန်အလှူပွဲ သို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကာလိမြို့ ဈေးသူ၊ ဈေးသားများနှင့် ဖိတ်ကြားထား သူများတက်ရောက်ကြပြီး ဘုံကထိန် ပဒေသာပင် ၁၂ ပင်နှင့် ဝတ္ထုငွေတို့အား ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(၄၁၄)

# သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများ

ညိုမောင်

စာရေးသူလုပ်ငန်းခွင်မှ သက်ပြည့်ပင်စင်ယူခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုမျှ ကြာမြင့်ခဲ့ပါပြီ။ လျင်မြန်စွာစီးဆင်းနေသော သတင်းခေတ်ကြီးထဲတွင် မျက်မှောက်ခေတ် ကမ္ဘာ့အရေး၊ နိုင်ငံ့အရေးများနှင့် မျက်ခြည်မပြတ်စေခြင်းငှာ သတင်းများကို နေ့စဉ်စားသုံးနေရပါသည်။





သတင်းများစီးဆင်းပုံကလည်း အမျိုးမျိုးဖြစ်သည်။ လူမှုကွန်ရက်မီဒီယာများတွင် သတင်းများက အဆီးအတားမရှိ အရှိန်အဟုန်ပြင်းပြင်းဖြင့် စီးဆင်းနေကြသည်။ သို့သော် တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့နေတတ်သည်။ သတင်းများ၏ မှန်ကန်စိတ်ချရမှုတန်ဖိုးက အထိန်းအကွပ်မဲ့စွာ ပရမ်းပတာဖြစ်နေတတ်သည်။ တစ်ဖက်တွင် တရားဝင်ထုတ်ဝေနေသည့် ပုံနှိပ်မီဒီယာများရှိသည်။ သတင်းစီးဆင်းမှုအနည်းငယ်ကြန့်ကြာသည်ဟုထင်ရသော်လည်း ၎င်းတို့၏ အားသာချက်မှာ ရာနှုန်းပြည့် မှန်ကန်စိတ်ချရမှုရှိခြင်းပင်ဖြစ်သည်။ အဆင့်ဆင့်သော နေရာဌာနတိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် သတင်းစစ်၊ သတင်းမှန်များကို ပြည်သူလူထုလက်ဝယ်သို့ ပို့ဆောင်ပေးနေကြခြင်းဖြစ်သည်။


စာရေးသူတို့အိမ်တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီ သတင်းစာသုံးစောင်လုံး ယူထားသည်။ ဈေးနှုန်းများကလည်း သင့်တင့်မျှတသည်။ သတင်းစာသုံးစောင်လုံးအတွက် တစ်လတာကျသင့်ငွေမှာ လက်ဖက်ရည်ဝိုင်းတစ်ဝိုင်းစာမျှသာရှိသည်။ ကျေနပ်စရာအကောင်းဆုံးမှာ စာရေးသူအဖို့ လက်ရှိဖြစ်ပျက်နေသော အခြေအနေများကို ခိုင်ခိုင်လုံလုံ၊ တိတိကျကျနှင့် မှန်မှန်ကန်ကန်သုံးသပ်နိုင်ရန်အတွက် အထောက်အပံ့ကောင်းများ ရရှိစေခြင်းပင်ဖြစ်သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၄ ရက်တွင် နိုင်ငံတော်အကြီးအကဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည့်အကြောင်း သတင်းစာသုံးစောင်လုံး၏ ရှေ့ဖုံးတွင် ထည့်သွင်းဖော်ပြထားသည်ကို ဖတ်လိုက်ရသည်။ သွားမည့်အကြောင်းအရာက သာမန်ချစ်ကြည်ရေးခရီးစဉ် သဘောမျိုးမဟုတ်။ နိုင်ငံတော်နှင့် ပြည်သူအတွက် ကြီးလေးသော တာဝန်ဝတ္တရားများပါသည်ကိုတွေ့ရသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကြီးမားသောဆောင်ရွက်ချက်များပါသည်ကို တွေ့ရသည်။

ခရီးစဉ်၏ အတိမ်အနက်ကို တွေးဆကြည့်မိရုံနှင့်ပင် ပင်စင်စားတစ်ဦးဖြစ်သော စာရေးသူစိတ်ထဲတွင်အမိနိုင်ငံကို တိုးတက်ဖြစ်ထွန်းစေချင်သော ဝန်ထမ်းကောင်းတစ်ယောက်၏ အားမာန်များပြန်လည်နိုးကြားတက်ကြွလာသည်အထိ ခံစားရမိသည်။

အမှန်တရားက ဖိနပ်စီးနေဆဲတွင် မုသားက ကမ္ဘာတစ်ပတ်ပတ်ခဲ့ပြီဆိုသည့်အတိုင်းပင် စာရေးသူတို့နိုင်ငံအပေါ် ဆန့်ကျင်ဘက်သဘောထားအမြင်ရှိသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် နိုင်ငံတချို့၏ မိုးလုံးပြည့်မုသာဝါဒလှိုင်းလုံးများမှာ ကြောက်ခမန်းလိလိပင် ဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် နိုင်ငံချစ်စိတ်ထက်သန်ပြင်းပြသော ပြည်သူတို့၏လက်တွဲညီညီ ခုခံကာကွယ်နိုင်မှုများကြောင့် သာ ၎င်းတို့တစ်တွေထင်သလောက်ခရီးမပေါက်ကြခြင်းဖြစ်သည်။



ဤသို့သောအခြေအနေမျိုးတွင် နိုင်ငံတော်အကြီးအကဲ၏ အနှစ်သာရပြည့်ဝသော ပြည်ပခရီးစဉ်အပေါ် ကျေနပ်အားရဖြစ်မိခြင်းမှာ နိုင်ငံနှင့်လူမျိုးအကျိုးကို လိုလားသော မည်သည့်နိုင်ငံသားမဆို စာရေးသူနှင့်ထပ်တူ ခံစားမိကြမည်သာဖြစ်သည်။



မြန်မာစကားပုံတွင် "သမင်ဆယ်လှမ်း ကျားတစ်လှမ်း"ဟု ဆိုရိုးရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ နောက်ဆက်တွဲခရီးစဉ်သတင်းများကို စောင့်ကြည့်လေ့လာရင်း ထိုဆိုရိုးစကားကို စာရေးသူ သတိရမိသည်။ ဝန်ထမ်းဟောင်းတစ်ယောက်၊ ပြည်သူတစ်ယောက်အနေနှင့် နှစ်ထောင်းအားရ ရှိလှသောကြောင့်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၅ ရက်နံနက်ပိုင်းတွင် ခရီးစဉ်ကို စတင်ထွက်ခွာကြသည်။ ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည့် သတင်းဓာတ်ပုံများကို မြင်ရသည်တွင် စာရေးသူစိတ်၌ အတွေးတစ်ရပ်ဖြစ်ပေါ်လာသည်။ မုသားက ကမ္ဘာတစ်ပတ်ခရီးပတ်ခဲ့သည်ဆိုသော်ငြား သူတကာတို့၏ အိမ်နောက်ဖေးမှ ကုပ်ချောင်းချောင်းပတ်ခဲ့ရခြင်းသာဖြစ်ပြီး အမှန်တရားသည်ကား အိမ်ရှေ့တံခါးမကြီးမှ ခွံ့ခွံ့ထည်ထည်ဝင်ရောက်၍ ဧည့်ခန်းဆောင်သာတွင် တန်းတူရည်တူ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်သည်ဆိုသော အကြောင်းခြင်းရာပင်ဖြစ်ပါ၏။

ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ အပုပ်ချတွန်းတိုက်မှုများအပေါ် နိုင်ငံတော်အစိုးရ၏ လမ်းကြောင်းမှန်မှန်၊ ခြေလှမ်းမှန်မှန်ဖြင့် တည်ငြိမ်သောတုံ့ပြန်ဆောင်ရွက်နေမှုများမှာ "ပြစ်မရှိပြစ်ရှာ၊ လမင်းကိုခွေးဟောင်လို့၊ ရွှေလရောင်ပြောင်မပျက်တယ်၊ ထွန်းလျက်ပင်သာ၊ မြရွှေဂူပတ္တာမြားကိုလ၊ ဝက်များက ငြူစူစွာ၊ ညွန်လူးကာတိုက်နဲ့၊ ပွတ်လေလေ၊ ဂူရွှေမှာ အရောင်ထွက်တယ်၊ ရေးကထက်ကဲ" ဆိုသည့် မန်လည်ဆရာတော်ကြီး၏ ပတ္တမြားရွှေဂူ

စာမျက်နှာ ၁၂ သို့ ◆

◆ စာမျက်နှာ ၁၁ မှအဆက်

ကဗျာကိုပင် သတိရဖွယ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည်ခရီးရောက်မဆိုက်မှာပင် ကူမင်းမြို့ HUALUXE Kunming Hotel ဟိုတယ်၌ တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ အမှာစကားပြောကြားရာတွင် တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (Global Development Initiatives-GDI) တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ်ရှစ်ခုတွင် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသည့်အကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအရ တီထွင်ဆန်းသစ်မှုမှတစ်ဆင့် ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားတို့ကို အဓိကမြှင့်တင်သွားမည်ဖြစ်သည့်အကြောင်း သတင်းစကားပေးပို့ခဲ့ရာ နိုင်ငံတော်အကြီးအကဲ၏ စီးပွားရေးအမြင် ကျယ်ပြန့်နက်ရှိုင်းမှုနှင့် သိမ်မွေ့ညင်သာသော သံတမန်စွမ်းရည်ကို အထင်းသားတွေ့မြင်ခဲ့ရသည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ ထက်သန်တက်ကြွစွာ ပါဝင်ဆွေးနွေးကြမှုများကလည်း အားရဖွယ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ တိုင်းကျိုးပြည်ကျိုးရွက်သယ်ပိုးသည့် နေရာတွင် "စက္ကန့်လေးတွေ စိန်စီထားသည်" ဟု ဆိုရမတတ်ပင် အချိန်ကိုတလေးတစားတန်ဖိုးထားကြပုံရသည်။ စာရေးသူမှာ သတင်းဆက်များကို တရှိုက်မက်မက်လိုက်လံဖတ်ရှုရင်းသူတို့တစ်တွေ၏ အချိန်ရှိခိုက်လုံ့လစိုက်ကြပုံများကို အံ့ဩဘနန်းဖြစ်နေမိသည်။

ညနေပိုင်းရောက်ပြန်တော့ ကူမင်းမြို့ရှိ Haigeng Hotel ဧည့်ခန်းမဆောင်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E.Mr.Wang Ning နှင့် တွေ့ဆုံဆွေးနွေးကြပြန်သည်။


မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် နယ်စပ်တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိပုံနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှသာလျှင် သွင်းကုန်၊ ပို့ကုန်ကဏ္ဍကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေးအရ ကူးလူးဆက်သွယ်မှုများ ပိုမိုအကောင်အထည်ဖော်နိုင်မည်ဖြစ်သောကြောင့် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်း၍ အရှိန်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြခြင်းဖြစ်သည်။

ဆွေးနွေးကြသည့်အကြောင်းအရာများ၌ စကားလုံးတစ်လုံးချင်းစီကပင် နိုင်ငံနှင့်လူမျိုးအတွက် မွန်မြတ်မှန်ကန်သော စိတ်စေတနာကောင်းများနှင့် လက်ငင်းဒိဋ္ဌအကျိုးတရားဖြစ်ထွန်းစေမှုများကို ဖော်ညွှန်းပေးနေသည်ဟု စာရေးသူခံစားမိသည်။

တစ်ချိန်သောအခါက တချို့သောပုဂ္ဂိုလ်တို့သည် နိုင်ငံ့အကျိုးနှင့် နိုင်ငံ့အရေးတို့ထက် မိမိတို့တစ်စုတစ်ဖွဲ့အကျိုးကိုသာ မျှော်ကိုး၍ စာရေးသူတို့နိုင်ငံအပေါ် မည်သို့မည်ပုံ ပိတ်ဆို့အရေးယူသင့်ကြောင်း၊ ငြိမ်းချမ်းရေးစာချုပ်များတွင် အလျင်စလို လက်မှတ်မထိုးသင့်ကြောင်းတို့ကို သဘောထားသေးသိမ်စွာ တွင်တွင်ဆိုခဲ့ကြသည် မဟုတ်လား။

ယခုခရီးစဉ်၌မူ ထိုသို့မဟုတ်လေပြီ။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားပုံ၊ ပြောဆိုဆွေးနွေးနေပုံတို့မှာ နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူ့အရေးကို အလေးထားကြလေသဖြင့် မင်္ဂလာအပေါ်





မင်္ဂလာဆင့်လျက် ကျေနပ်မဆုံးဖြစ်မိရသည်။ စာရေးသူမှာ နိုဝင်ဘာလ ၆ ရက်နေ့ထုတ်သတင်းစာများကိုကိုင်၍ မချင့်မရဲပင် ဖြစ်နေမိသည်။ လူငယ်များစကားကို ငှားသုံးရလျှင် နောက်ထပ်နောက်ထပ်သော တွေ့ဆုံဆွေးနွေးမှုများနှင့် သတင်းကောင်းများကို မစောင့်စားနိုင်အောင်ပင် ဖြစ်မိရပါ၏။

နိုင်ငံတော်အကြီးအကဲဆိုသည်မှာ နိုင်ငံ၏ အမိအဖပင်ဖြစ်သည်။ အမိအဖဟူသည် မိမိတို့၏ သားသမီးများအပေါ် နီးသည်ဝေးသည်မရှိ တူညီသောမေတ္တာစာတ်ဖြင့် ဖေးမစောင့်ရှောက်ကြသည်သာဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲသည် မအားလပ်သော လုပ်ငန်းတာဝန်များအကြားမှပင် နိုဝင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် ပညာတော်သင်ကျောင်းသားများကိုရင်းနှီးနွေးထွေးစွာသွားရောက်တွေ့ဆုံခဲ့သည်။ ထို့အတူ နိုဝင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် ပညာတော်သင်ကျောင်းသားများကိုလည်း ရနိုင်သမျှအချိန်ပေး၍ သွားရောက်တွေ့ဆုံခဲ့သည်။ အကြီးအကဲတစ်ယောက်၏ မိမိတပည့်သားမြေးများအပေါ်ထားရှိသည့် အကြားအလပ်မရှိသော ချစ်ခြင်းမေတ္တာကို ပြသလိုက်ခြင်းပင်ဖြစ်သည်။ ရေခြားမြေခြားရောက်နေသည့်တိုင် ရနိုင်သမျှသောအချိန်ကလေးမှာပင် အပင်ပန်းခံ၍ ကြည့်ရှုစောင့်ရှောက်ပေးခြင်းဖြစ်သည်၊ ထိုတပည့်သားမြေးတို့၏တင်ပြချက်များကို အရေးတယူနားစွင့်၍ နွေးထွေးကြင်နာစွာအားပေးစကားဆိုခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည်။



နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အလေးထားစဉ်းစားတွေးခေါ်ဆောင်ရွက်နေသည်ကို အစည်းအဝေးများ၊ ခရီးစဉ်တွေ့ဆုံပွဲများမှ ပြောကြားချက်များမှတစ်ဆင့် စာရေးသူမကြာခဏ မြင်တွေ့ကြားသိနေရသည်။ နိုင်ငံရပ်ခြားသို့ ပညာတော်သင်များစေလွှတ်ခြင်းမှာ တန်ဖိုးရှိသောလူ့စွမ်းအားအရင်းအမြစ်များကို ရင်းနှီးမြှုပ်နှံပြုစုပျိုးထောင်ပေးနေခြင်းပင်ဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲသည် ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်များကို နာယကဂုဏ်ခြောက်ပါးလာ "ဒယာ" တည်းဟူသော သနားချစ်ခင်ကြင်နာခြင်းတို့ဖြင့် လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ကိုယ်တိုင်ကိုယ်ကျချီးမြှင့်ပေးအပ်လေသည်။ အကြီးအကဲကိုယ်တိုင်က လုံ့လဥဿာဟ စိုက်ထုတ်၍ အလေးထားချီးမြှင့်ခြင်းဖြစ်သဖြင့် တပည့်သားမြေးတို့အဖို့ ရေခြားမြေခြား၌ စိတ်ဓာတ်ခွန်အားများ မြင့်မားတိုးတက်လာကြမည်မှာ ဧကန်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လုပ်ငန်းစဉ်အချိန်ဇယားမှာ အကြားအလပ်မရှိပါလေစ။ ဌာနတစ်ခုတွင် အရာထမ်းတစ်ဦးဖြစ်ခဲ့ဖူးသော စာရေးသူ ကိုယ်ချင်းစာမိပါ၏။ အစိတ်အပိုင်းငယ်မျှဖြစ်သော ဌာနတစ်ခု၏ တာဝန်သည်ပင် လွယ်ကူလှသည်မဟုတ်ရာ ကြီးလေးသောနိုင်ငံ့တာဝန်များကို ဦးထိပ်ရွက်ထားရသူအဖို့ ဆိုဖွယ်ရာရှိမည်မထင်။ သို့သော် သတင်းဓာတ်ပုံများကို ကြည့်ရသည်မှာ သက်ဝင်ရှင်သန်လွန်းလှသည်။ ခေါင်းဆောင်၏အပြုံးမှာ ကြည်လင်သည်၊ လန်းဆန်းသည်၊ မောပန်းသည်မရှိ။ ရွှင်လန်းမြဲရွှင်လန်းလျက်ရှိသည်ကို တွေ့ရပါ၏။ ခေါင်းဆောင်၏ ခြေလှမ်းတို့မှာ အားမာန်ပါ၏။ တက်ကြွနေ၏။ ရှေ့ဆုံးမှမားမားမတ်မတ် ဦးတည်လျှောက်လှမ်းနေသော ထိုခြေလှမ်းတို့မှာ သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများပင်ဖြစ်ပါ၏။ ထိုနေ့နံနက်ပိုင်းမှာပင် ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ရောက်ရှိ

စာမျက်နှာ ၁၃ သို့ ◆

◆ စာမျက်နှာ ၁၂ မှအဆက်

နေသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်တို့နှင့် သီးခြားစီ တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ နိုင်ငံတော်အကြီးအကဲမှာ မောသည်ပန်းသည်မရှိ၊ အစည်းအဝေးများ၊ တွေ့ဆုံဆွေးနွေးမှုများကို တစ်ပွဲပြီးတစ်ပွဲ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။

**❍ နှစ်နိုင်ငံခေါင်းဆောင်များ၏ ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ အပြုသဘောဆောင်သော ဆွေးနွေးချက်များမှာ နိုင်ငံနှင့်လူမျိုးအတွက် ကျေနပ်အားရဖွယ်ပင်ဖြစ်၊ အချုပ်အခြာအာဏာ ခိုင်ခံ့တည်မြဲရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် အပြန်အလှန်ကတိကဝတ်များနှင့် အားပေးထောက်ခံရပ်တည်မှုများမှာ သမနိုရှည်ကြာခဲ့ပြီဖြစ်သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၏ အနှစ်သာရကို ထပ်လောင်း၍ အဓိပ္ပာယ်ပြည့်ဝလေးနက်စေခဲ့သည်သာဖြစ်. . .**

ထိုနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သောအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မှာ Haigeng Garden Hotel တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr.Li Qiang နှင့် အဖွဲ့ကို လက်ခံတွေ့ဆုံကြသည်။

နှစ်နိုင်ငံခေါင်းဆောင်များ၏ ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ အပြုသဘောဆောင်သော ဆွေးနွေးချက်များမှာ နိုင်ငံနှင့်လူမျိုးအတွက် ကျေနပ်အားရဖွယ်ပင်ဖြစ်သည်။ အချုပ်အခြာအာဏာ ခိုင်ခံ့တည်မြဲရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် အပြန်အလှန်ကတိကဝတ်များနှင့် အားပေးထောက်ခံရပ်တည်မှုများမှာ သမနိုရှည်ကြာခဲ့ပြီဖြစ်သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၏ အနှစ်သာရကို ထပ်လောင်း၍ အဓိပ္ပာယ်ပြည့်ဝလေးနက်စေခဲ့သည်သာဖြစ်ပါ၏။ ထိုတွေ့ဆုံပွဲတွင် ကဏ္ဍစုံအတွက် နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်ခုနစ်ခုကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်မှာ နိုင်ငံတော်နှင့်ပြည်သူအတွက် ကြီးလေးသောတာဝန်ဝတ္တရားများနှင့် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကြီးမားသောဆောင်ရွက်ချက်များပါသည်ကို တွေ့ရှိရကြောင်း အထက်တွင် စာရေးသူဆိုခဲ့ပါသည်။ မှန်ပါ၏။ ထိပ်သီးအစည်းအဝေးကြီးများဖြစ်သော အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ ပါဝင်တက်ရောက်ရန်ပင်ဖြစ်သည်။

ထိုအစည်းအဝေးကြီးများ၏ အရေးပါအရာရောက်မှုကိုသိရှိနိုင်ရန် စာရေးသူ အကျဉ်းမျှ တင်ပြလိုပါသည်။ မဟာမဲခေါင်ဒေသခွဲမှာ အင်ဒိုချိုင်းနားကျွန်းဆွယ်တွင်တည်ရှိပြီး မဲခေါင်မြစ်၏ နိုင်ငံဖြတ်ကျော်ဒေသတစ်ခုဟုဆိုရပါမည်။ အာရှတွင်း ခြောက်နိုင်ငံဖြစ်သည့် လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ ပါဝင်ပြီး တစ်နိုင်ငံချင်းစီအလိုက် အမျိုးသားအကျိုးစီးပွားခိုင်မာအားကောင်းစေရန် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကဏ္ဍ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ အခြားကဏ္ဍပေါင်းစုံနှင့် နယ်စပ်ဖြတ်ကျော်စီးပွားရေးဇုန်များဆိုသည့်ကဏ္ဍအသွယ်သွယ်တွင် လုပ်ငန်းများအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။

နောက်ထပ်အစည်းအဝေးတစ်ခုမှာ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအဖြစ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြသည်။ အတိတ်နှင့် ပစ္စုပ္ပန်ကာလမှ ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်သော အကြောင်းခြင်းရာများနှင့် အနာဂတ်မျှော်မှန်းချက်များကို ထောက်ချင့်၍ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့ကြီးသည် အပြန်အလှန်လေးစားယုံကြည်မှု၊ စာနာနားလည်မှု၊ ညီတူညီမျှအကျိုးစီးပွားဖြစ်ထွန်းလိုမှုတို့ဖြင့် အရှိန်အဟုန်ပြင်းစွာ ရှေ့သို့ချီတက်လျက်ရှိသည်ဟု စာရေးသူ မမိုတ်မသုန်ယုံကြည်ပါ၏။

နောက်ဆုံးတစ်ခုမှာ ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးဖြစ်သည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူစေခြင်းနှင့် တိုးမြှင့်ပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ စက်မှုလုပ်ငန်းတွင်ပူးပေါင်းဆောင်ရွက်ခြင်း၊ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ကဏ္ဍကြီးရှစ်ရပ်တွင် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ စာရေးသူတို့နိုင်ငံက စိုက်ပျိုးရေး၊ စွမ်းအင်နှင့် စက်မှုကဏ္ဍတို့တွင် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

သည့်မှုဆိုလျှင် စားနပ်ရိက္ခာဖူလုံရေး၊ သာယာဝပြောရေးနှင့် လူမှုစီးပွားဘဝများမြင့်မားတိုးတက်ရေးအတွက် ထိပ်သီးအစည်းအဝေးကြီးများ၏ အကျိုးသက်ရောက်မှုနှင့် အရေးပါအရာရောက်မှုတို့ကို ဆဝါးနိုင်ကြလိမ့်မည်ထင်ပါသည်၊ ထို့ကြောင့် သာလျှင် နိုင်ငံတော်အကြီးအကဲအနေဖြင့် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးကုတ်အားထုတ်နေခြင်း ဖြစ်ပါလိမ့်မည်။ အားမာန်ပြည့်ဝသောခြေလှမ်းတို့ဖြင့် မယိမ်းမယိုင်တည့်မတ်မှန်ကန်စွာ လျှောက်လှမ်းနေခြင်းဖြစ်ပါလိမ့်မည်။

**❍ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည်တန်ဖိုးနှင့် အလုပ်ပြီးမြောက်မှုနှုန်းမှာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အနမတဂ္ဂပင်ဖြစ်၊မိမိနိုင်ငံတော်၊ မိမိနိုင်ငံသားများနှင့် အိမ်နီးချင်းမိတ်ဖက်နိုင်ငံများတည်းဟူသော မျက်နှာစာသုံးရပ်အတွက် မျှတညီညွတ်သောအကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်ခဲ့ကြ၊ ကမ္ဘာ့စင်မြင့်ထက်တွင် မိတ်ကောင်းဆွေကောင်းတို့၏ တန်ဖိုးကြီးမားသောဂုဏ်အင်္ဂါရပ်များကို သက်သေစိုက်ထူနိုင်ခဲ့ကြ . . .**

နိုဝင်ဘာလ ၈ ရက်ထုတ်သတင်းစာများကို ဖတ်ရသည်မှာ ရှင်လန်းတက်ကြွဖွယ်အတိပင်။ စာရေးသူမှာ ပီတိဖုံးလွှမ်းသဖြင့် ပြုံးပန်းတဝေဝေဖြစ်နေရသည်၊ နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ဖော်ပြပါ ထိပ်သီးအစည်းအဝေးကြီးသုံးရပ်စလုံးတွင် ပါဝင်တက်ရောက်ခဲ့ရုံမျှမက နိုင်ငံနှင့်လူမျိုးအကျိုးကို ဖော်ဆောင်နိုင်မည့်ဆွေးနွေးချက်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သောကြောင့်ပင်ဖြစ်ပါ၏။ နိုင်ငံတော်အကြီးအကဲ၏ အားကြိုးမာန်တက် မနားမနေဆောင်ရွက်ချက်များကို နှစ်ထောင်းအားရဖွယ် တစ်ဝကြီးဖတ်လိုက်ရသည်။

အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ ဟိုင်ဂန်ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသည်။ နိုင်ငံတော်အကြီးအကဲမှာ အခြားသောနိုင်ငံ့ခေါင်းဆောင်များနှင့်အတူ လန်းဆန်းတက်ကြွသောခြေလှမ်းများဖြင့် ဝင်ရောက်လာသည်။ အိမ်ရှင်ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်ကလည်း လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြိုပြုသည်ကို တွေ့ရပါ၏။

စာရေးသူမှာ သတင်းစာကိုလက်ကကိုင်ထားလျက်မှပင် ပညာရဲရင့်ပွဲလယ်တင့်စွာ ဆွေးနွေးပြောကြားနေသော နိုင်ငံတော်အကြီးအကဲများ၏ စကားသံများကို နားနှင့်ဆတ်ဆတ် ကြားနေရဘိသို့ ခံစားရသည်။ ဒေသခွဲအတွင်း ကုန်ထုတ်စွမ်းအားမြှင့်တင်မှု၊ နည်းပညာတိုးတက်မှု၊ စက်မှုလုပ်ငန်းသစ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့အတွက် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမှာ အဓိကမောင်းနှင်အားဖြစ်ကြောင်း စိတ်ခေါတ်တက်ကြွဖွယ်ကြားသိရသည်။ စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံများနှင့် ဖွဲ့စည်းထားသည့် မဟာမဲခေါင်ဒေသခွဲအနေဖြင့် စိုက်ပျိုးစီးပွားပိုမိုတိုးတက်ထွန်းကားလာရန်နှင့် စားနပ်ရိက္ခာဖူလုံရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် အရှိန်မြှင့်တင်ရမည်ဖြစ်သည့်အကြောင်း၊ တစ်ချိန်တည်းမှာပင် တီထွင်ဆန်းသစ်မှုများက မိမိနိုင်ငံ၏ ရေမြေသဘာဝ၊ ပထဝီအနေအထားများနှင့် ကိုက်ညီရန်လိုအပ်ပြီး အစိုးရ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကနှင့် ဒေသန္တရအစိုးရများအပြင် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ စွန့်ဦးတီထွင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည့်အကြောင်းများကို ကျယ်ပြန့်နက်ရှိုင်းသောအမြင်၊ လက်တွေ့ကျသောချဉ်းကပ်မှုတို့ဖြင့် အလေးအနက်ထားဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု၊ စီးပွားရေးစင်္ကြံများဖွံ့ဖြိုးမှု၊ ရာသီဥတုပြောင်းလဲမှု၊ စားရေရိက္ခာဖူလုံမှု၊ သဘာဝဘေးအန္တရာယ်၊ ရွှေ့ပြောင်းလုပ်သားများနှင့် စီးပွားရေးမညီမျှမှုစသည့် စိန်ခေါ်ချက်များအတွက်လည်း ညှိနှိုင်းပေါင်းစပ်မှုနှင့် ဘက်စုံချဉ်းကပ်ရမည့် နည်းလမ်းများကို ကလျာဏမိတ္တတို့၏ထားရှိအပ်သော စိတ်စေတနာကောင်းများဖြင့် အကျယ်တဝင့် ဆွေးနွေးပြောကြားသည်ကို ပြည့်ပြည့်စုံစုံဖတ်ခွင့်ရလိုက်သည်။

(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးကို ထိုနေ့မွန်းလွဲပိုင်းမှာပင် ဆက်လက်ကျင်းပသည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ပင်ပန်းနွမ်းနယ်နေသော အရိပ်အယောင်မျှမတွေ့ရ၊ ကမ္ဘာ့နိုင်ငံရေးစင်မြင့်ထက်တွင် အခြားသောဆွေးနွေးဖက်များနှင့်အတူ တက်ကြွဖျတ်လတ်စွာပါဝင်လျက်ရှိသည်။ သူတို့၏ အတွေးအာရုံထဲတွင် အမိနိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်ဟူသည့်တစ်ကြောင်းတည်းသော ရည်မှန်းချက်ကသာလျှင် အပြည့်အဝ နေရာယူထားကြပုံရသည်။ လှုပ်ရှားဆောင်ရွက်မှုတိုင်းသည် ရှင်ရှင်လန်းလန်းတက်တက်ကြွကြွ။ ပါဝင်ဆွေးနွေးမှုတိုင်းသည် တည်တည်ကြည်ကြည်လေးလေးနက်နက်၊ သတင်းစာဖတ်ရင်းမှ မဝေးတော့သောအနာဂတ်အတွက် တောက်ပသောလင်းရောင်ခြည်တန်းများကို စာရေးသူမြင်ယောင်ခံစားနေမိသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်အကြီးအကဲက လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးရှုပ်ထွေးမှု၊ နိုင်ငံတကာပဋိပက္ခ၊ စီးပွားရေးကျဆင်းမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်မလုံလောက်မှုစသည့်တို့အကြားတွင် မိမိတို့သည် ကြံ့ကြံ့ခံနိုင်စွမ်းရှိရမည်ဖြစ်ကြောင်း စိတ်ခေါတ်ခွန်အားဖြစ်စေသော စကားကိုဆိုခဲ့သည်။ ဦးတည်ဆွေးနွေးကြမည့် “ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့” ဆိုသောခေါင်းစဉ်နှင့် အင်မတန်ကိုက်ညီဆီလျော်မှုရှိသည်။ အဖွဲ့ဝင်နိုင်ငံများအကြား ဒေသတွင်းငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ပေါင်းစည်းထားသည့်အသိုက်အဝန်းတစ်ခုဖန်တီးရန်အတွက် အားသွန်ခွန်စိုက် အတူတကွကြိုးပမ်းလျက်ရှိပုံများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။ ရာသီဥတုပြောင်းလဲမှု၏အကျိုးသက်ရောက်မှုများလျော့ပါးစေရန်၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုမြင့်မားစေရေး ခရီးသွားလုပ်ငန်းများမြင့်မားစေရန်၊ စီးပွားရေးစင်္ကြံများချိတ်ဆက်ရန်၊ အထူးစီးပွားရေးဇုန်များမှတစ်ဆင့် နည်းပညာဆိုင်ရာအဆောက်အအုံများ၊ စက်မှုအဆောက်အအုံများအဆင့်မြှင့်တင်ရန် စသည့်အချက်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသည်။

စာမျက်နှာ ၁၄ သို့ ◆

◆ **စာမျက်နှာ ၁၃ မှအဆက်**

ပညာသင်ဆုပေးအပ်ခြင်းနှင့် အတွေ့အကြုံဖလှယ်ရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုဆွေးနွေးသွားသည်မှာ နိုင်ငံတော်အကြီးအကဲ၏ မတူကွဲပြားမှုများကို ပေါင်းစည်းညီညွတ်စေလိုသည့် မေတ္တာစိတ်ကြီးမားသောစိတ်နေစိတ်ထားတစ်ရပ်ကိုစာရေးသူထိတွေ့ခံစားလိုက်မိပါသည်။

အချိန်ဟူသည် ရပ်တန့်နေသည်ဟူ၍ မရှိစကောင်း။ ထို့အတူပင် တာဝန်သိသိ၊ တာဝန်ရှိရှိ လုပ်ကိုင်ဆောင်ရွက်နေကြသူတို့သည်လည်း ထိုအချိန်တို့နှင့်အတူပင် မရပ်မနားခရီးနှင်လျက်ရှိကြပါ၏။ ထိပ်သီးအစည်းအဝေးကြီးများမှာ ကိုယ်စားပြုသော နယ်ပယ်ကဏ္ဍများ ကျယ်ပြန့်သလောက် ထမ်းဆောင်ရသော တာဝန်ဝတ္တရားများမှာလည်း ကြီးမားလှပါ၏။ သို့သော် သူတို့ခြေလှမ်းများမှာ ဖြောင့်မတ်ကြံ့ခိုင်မယိမ်းမယိုင်ရှိနေကြ၏။

ကူမင်းမြို့ရှိ Wyndham Grand Hotel တွင် (၁၁)ကြိမ်မြောက် ရောဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်အကြီးအကဲက အပြန်အလှန်ချိတ်ဆက်ထားသည့် သယ်ယူပို့ဆောင်ရေးကွန်ရက်စနစ်သည် အက်မက်စ်ဒေသကို ဖွံ့ဖြိုးတိုးတက်မှုဗဟိုချက်မအဖြစ် ဖန်တီးရန် အခြေခံအုတ်မြစ်ဖြစ်သည့်အကြောင်း၊ ဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့်ဘက်စုံ သယ်ယူပို့ဆောင်ရေးစနစ်ဖော်ဆောင်သင့်သည့်အကြောင်းတို့မှသည် အက်မက်စ်ဒေသတစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့်ဆွေးနွေးမှုများကို ဖတ်လိုက်ရသည်မှာ ဆေးစွမ်းကောင်းတစ်လက်မှီဝဲလိုက်ရသည့်နှယ် စာရေးသူအဖို့ အားအင်အသစ်များ ဖြစ်ထွန်းလာရသည်။ မိမိနိုင်ငံကိုကိုယ်စားပြုသည့်အကြီးအကဲတစ်ဦးက ကမ္ဘာ့မျက်နှာစာတွင် နိုင်ငံနှင့်ချီသည့် အတ္တ-ပရ မျှတသော အကျိုးရလဒ်များကို ရည်ညွှန်းဖော်ဆောင်ပေးနေသည် မဟုတ်ပါလား။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရိုးရှင်းတိကျခိုင်မာစေခြင်းဖြင့် ဒေသတွင်းစီးပွားရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းအပေါ် သိသာထင်ရှားစွာ အကျိုးပြုစေမည့်အကြောင်း ပွင့်လင်းမြင်သာစွာ ဆွေးနွေးသွားသည်။ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်နိုင်ငံများကိုလည်း မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် လှိုက်လှဲရင်းနှီးစွာဖိတ်မန္တကပြုခဲ့သည်။

ဆွေးနွေးမှုများအပြီးတွင် လာအိုနိုင်ငံဝန်ကြီးချုပ်က စာရေးသူတို့ နိုင်ငံတော်အကြီးအကဲအား အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်သည်။ နိုင်ငံတော်အကြီးအကဲကဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များမှရရှိသည့် အကျိုးကျေးဇူးများကို အဖွဲ့ဝင်နိုင်ငံများအားလုံးရရှိခံစားနိုင်စေရန် ယခင်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်သလို အခြေခံကျသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများရေးဆွဲပြီး ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည့်အကြောင်း အဖွဲ့ဝင်နိုင်ငံများသို့ အမှာစကားပါးသည်။ မှန်ပါသည်။ လူတစ်ဦးတစ်ယောက်ပင်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံပင်ဖြစ်စေ တသီးတခြားထီးတည်းရပ်တည်နေ၍မရပါ။ သို့သော် အများနှင့်ပေါင်းစည်းဆောင်ရွက်ရမည် ဆိုသော်လည်း တစ်ဖက်စောင်းနင်းဆက်ဆံရေးမျိုးဖြစ်၍တော့ဖြင့်မရပါ။ တစ်ဦးအကျိုးကို တစ်ဦးကလိုလားသည့် ဘက်ညီမျှတသော တွဲဖက်နေထိုင်ခြင်းမျိုးကသာလျှင် အရှည်သဖြင့် ချမ်းသာသုခကိုဆောင်နိုင်ပါလိမ့်မည်။ အတ္တမသန်၊ ရန်မာန်မကြီး၊ အစည်းမပြေရှိကြလေမှ ခိုင်မာသောအင်အားကို တည်ဆောက်နိုင်ပါလိမ့်မည်။

နိုဝင်ဘာလ ၈ ရက် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ခွဲခြား၍မရသည့် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများပီပီ တစ်နိုင်ငံ၏အရေးကိစ္စသည် တစ်နိုင်ငံအပေါ်သက်ရောက်မှုရှိသည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ သည့်နောက်တွင် နှစ်နိုင်ငံနယ်စပ်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးမှသည် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး၊ အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး၊ နယ်စပ်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေတို့အလယ် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများအထိ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထိုနေ့ ညနေပိုင်းတွင် Yuzhou Hotel ဧည့်ခန်းမဆောင်၌ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် ဆက်လက်တွေ့ဆုံဆွေးနွေးသည်။ နိုင်ငံတော်အကြီးအကဲနှင့် ပါတီကော်မတီအတွင်းရေးမှူးတို့သည် မြန်မာ-ချုံချင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလမ်းစများ၊ ချုံချင့်မြို့နယ်အနေဖြင့် နည်းပညာအားသာချက်၊ လမ်းပန်းဆက်သွယ်မှု အချက်အချာအားသာချက်များအပေါ်မူတည်၍ မြန်မာနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်ခြင်းများ၊ ပညာရေးနှင့် ခရီးသွားကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲသည် ခရီးစဉ်တစ်လျှောက် ထိပ်သီးအစည်းအဝေးများတွင်သာမက တွေ့ဆုံသင့်တွေ့ဆုံထိုက်သည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆွေးနွေးဖက်များနှင့်လည်း အခွင့်အလမ်းများစွာ ပေါ်ပေါက်လာစေသည်အထိ စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်နေသည်ကို စာရေးသူသတိပြုမိပါ၏။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည်တန်ဖိုးနှင့် အလုပ်ပြီးမြောက်မှုနှုန်းမှာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အနမတဂ္ဂပင်ဖြစ်သည်ဟု ဆိုရပါမည်။ မိမိနိုင်ငံတော်၊ မိမိနိုင်ငံသားများနှင့် အိမ်နီးချင်းမိတ်ဖက်နိုင်ငံများ တည်းဟူသော မျက်နှာစာသုံးရပ်အတွက် မျှတညီညွတ်သော အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်ခဲ့ကြသည်။ ကမ္ဘာ့စင်မြင့်ထက်တွင် မိတ်ကောင်းဆွေကောင်းတို့၏ တန်ဖိုးကြီးမားသော ဂုဏ်အင်္ဂါရပ်များကို သက်သေစိုက်ထူနိုင်ခဲ့ကြပါသည်။ ဥပဒေသဆန်ဆန်ပြောရလျှင် win-win situation ဟုပင်ဆိုရမည်ဖြစ်သည်။

သည်နေရာတွင် သားလည်းအသက်ရှင်၊ မိဘနှစ်ပါးလည်း မျက်စိနှစ်ကွင်းအလင်းရ၊ ရွှေအိုးကိုလည်း ထမ်းလာနိုင်သည့် သုဝဏ္ဏသာမဇာတ်တော်လာအဖွဲ့ကို စာရေးသူသတိရမိသည်။ မည်သည့်နှောင်ဖွဲ့မှုမျှမပါသော အသွေးအရောင်ကင်းသည့် သာမန်ပြည်သူတစ်ဦး၊ အငြိမ်းစားဝန်ထမ်းတစ်ဦး၏အမြင်ကိုဆိုရပါမူ နိုင်ငံတော်အကြီးအကဲ၏ ယခုခရီးစဉ်မှာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးကျေးဇူးများစွာကို လက်တွေ့ကျကျ ဆောင်ကြဉ်းပေးနိုင်ခဲ့သည့် သမိုင်းတွင်မည့်သမိုင်းဝင်ခြေလှမ်းများဟုဆိုလိုက်ချင်ပါသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ပြည်တော်ပြန်ခရီးကို တာဝန်ရှိပုဂ္ဂိုလ်များသာမက တိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ မြန်မာနိုင်ငံသားတရုတ်နွယ်ဖွားပြည်သူများ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများကပါ သောင်းသောင်းဖြဖြလှိုက်လှဲနွေးထွေးစွာ ဂုဏ်ပြုကြိုဆိုနေကြသည့်မြင်ကွင်းမှာ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အေးအတူပူအမျှ တစ်သားတည်းဖြစ်သော ခံစားမှုတို့ကို နွေးထွေးစွာခံစားရစေပါသည်။ တရုတ်-မြန်မာချစ်ကြည်ရေး၊ အမိနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အကြီးအကဲအပေါ် ဆုမွန်ကောင်းတောင်း၍ ကောင်းချီးထောမနာပြုကြသည့် ကြွေးကြော်သံများမှာကြက်သီးမွေးညင်းထလောက်ပါပေသည်။

ဤသို့ပမာပင် ကြွားဝင့်သွေမကွာ တက်နေပမာ ညီညာဆောင်ထမ်းကြလျှင်ဖြင့် ငွားစွင့်ဝေဆာကျက်သရေဖြာပြည်သာ အောင်ပန်းလှတော့မည်ဆိုသည့်အကြောင်း ခိုင်မာသောယုံကြည်ချက်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့် ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ကြီးထံမှ ရေစက်သွန်းတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ကျင်းပပြုလုပ်သည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ပဒေသာပင် ၄၉ ပင်၊ တန်ဖိုးငွေ ၅၃၂၃၃၄၀ နှင့် လှူဒါန်းငွေ ၈၀၆၉၀၈၀၀ ကျပ်ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၃၃၉၂၄၁၄၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သာသနဇ္ဇမဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့်သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

★ ရှေ့ဖုံးမှအဆက်

ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင်မဟာသုဗောဓာရုံကျောင်းတိုက်များ၏ မဟာနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သာသနဇ္ဇမဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံနေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဝဇိရာနန္ဒ သုဗောဓာရုံကျောင်းတိုက်သို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဝဇိရာနန္ဒ သုဗောဓာရုံကျောင်းတိုက် ပါမောက္ခချုပ်ဆရာတော်ကြီးထံ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိ



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့်ဇနီး ဒေါ်သန်းသန်းနွယ် တို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

ကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများက ဆရာတော် သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် ပျဉ်းမနားမြို့၊ အုန်းတောကျောင်းတိုက်ဆရာတော်နှင့် တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော်တို့က ကထိန်အမေးအဖြေများကို ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ပါမောက္ခချုပ်ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရားနာယူကြပြီး **စာမျက်နှာ ၁၅ သို့** ☆





နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြစဉ်။






သန်လျင်မင်းကျောင်းဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ကထိန်ခံနေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဝဇီရာနန္ဒ သုဗောဓာရုံကျောင်းတိုက်သို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Kathina Robe Offering Ceremony of State Administration Council of the Republic of the Union of Myanmar (2024) held



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla and the congregation receiving the Five Precepts from Sayadaws.

NAY PYI TAW November 11

The Kathina Robe Offering Ceremony of the State Administration Council of the Republic of the Union of Myanmar (2024) was held at the Sasana Beikman Tawgyi at the Uppatasanti Pagoda in Nay Pyi Taw this morning and Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony to offer Kathina robes and Kathina donations.

The ceremony was graced by 27 Sayadaws led by Chairman of State Sangha Maha Nayaka Committee Presiding Nayaka Patron of the Minkyaung Pahtamapyan Buddhist Learning Centre in Thanlyin Agga Maha Pandita Agga Maha Saddhamma Jotikadhaja Doctor Bhaddanta Candima Bhivamsa, Secretary of SSMNC Masoeyein Taikthit Maha Patron in Mandalay Dhamma Saddhi Monastery Agga Maha Pandita Agga Maha Saddhamma Jotikiadhaja Maha Dhamma Kathika Bahujana Hitadhara Bhaddanta Vasettha Bhivamsa, Upa Ukkathta Joint Head of Shwekyin Nikaya Maha Patron of Maha Subhawdhayon Monasteries Abhidhaja Maha Ratha Guru Rector Sayadaw Dr Bhaddanta Nandamalavivamsa and Ovadacariya Sayadaws of the Uppatasanti Pagoda and was attended together with the Senior General and wife were Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win and Wife Daw Than Than Nwe, the secretary of the SAC and wife, the joint secretary of the SAC and wife, members of the SAC and their wives, union level officials, union ministers and their wives, the chairman of Nay Pyi Taw Council and senior officers from the Office of the Commander-in-Chief of Defence Services and their wives, the commander of Nay Pyi Taw Command and officials.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer Kathina robes and donations to the Thanlyin Minkyaung Sayadaw.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer meals to Sayadaws.

First, the Senior General and congregation paid obeisance to the Buddha image in the Sasana Beikman Tawgyi and offered meals, flowers, water and fruits in the emerald alm bowl.

Then, the Senior General and congregation inspected the Kathina robes and donations and donation trees prepared for Vajiyananda Subhawdhayon Monastery in Ottarathiri Township in Nay Pyi Taw.

See Page - 21►►

►► From Page - 21

Then, Ohndaw Monastery in Pyinmana and Ngwetaung Tawya Sayadaw in Tatkon administered Kathina question and answer sessions.

Afterward, the Senior General and congregation meditated on Kathina sermons from the rector Sayadaw and merit-sharing sermons from the secretary Sayadaw of the SSMNC before sharing merits for all donations.

Then, the ceremony was concluded with three-time recitations of Buddha Sasanam Ciram Tithatu. After the ceremony, the Senior General and wife and congregation offered meals to Sayadaws and members of the Sangha led by the Minkyaung Sayadaw.



A Sayadaw being offered Kathina robes and donations.



A Sayadaw being offered Kathina robes and donations.

At the ceremony, a total of 49 donation trees worth Ks - 53,233,340 and cash donations of Ks - 80,690,800 were offered, totalling Ks- 133,924,140. **100**

# Organizations support SAC Chairman's efforts during China visit

NAY PYI TAW November 11

State Administration Council Chairman Prime Minister Senior General Min Aung Hlaing attended the 8th Greater Mekong Subregion (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit in the People's Republic of China from 5 to 10 November 2024. During these occasions, he made concerted efforts for the development of the political, economic, social and education sectors of the country, achieved alternate chairmanship of ACMECS, and positive outcomes through the dialogues with Prime Ministers of China, Cambodia, Laos and Thailand.

The Myanmar-China Cooperation Centre, Myanmar citizen Chinese people, Myanmar Interfaith Dialogue Organization (Central), multi-ethnic unity and welfare organization (temporary), Myanmar Evangelical Christian Alliance, Union of Myanmar Methodist Church (Lower Myanmar), All Myanmar Hindu Central Council, All Myanmar Tamil Hindu Foundation (HQ) and Islamic Religious Affairs Council Myanmar released statements warmly supporting the efforts of the Senior General. **100**

**Myanmar-Chinese Cooperation and Communications Center's announcement of congratulations**

**11 November 2024**

At the invitation of the Government of the People's Republic of China, Chairman of the State Administration Council and Prime Minister Senior General Min Aung Hlaing attended the 8th Greater Mekong Subregion Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit, held in the People's Republic of China. During his visit, he engaged in discussions with leaders from China, Laos, Cambodia, Vietnam, and Thailand, resulting in beneficial agreements for Myanmar and its people. Additionally, Myanmar has now assumed the rotating chairmanship of ACMECS. We express our pride in the Senior General and extend our congratulations for securing positive outcomes for Myanmar and for assuming the ACMECS chairmanship.

**Central Executive Committee**
**Myanmar-Chinese Cooperation and Communications Center**

**Congratulations statement by Associations of Myanmar citizens of Chinese Origin**

**11 November 2024**

At the invitation of the Government of the People's Republic of China, Chairman of the State Administration Council and Prime Minister Senior General Min Aung Hlaing attended the 8th Greater Mekong Subregion Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit, held in the People's Republic of China. During his visit, he engaged in discussions with leaders from China, Laos, Cambodia, Vietnam, and Thailand, resulting in beneficial agreements for Myanmar and its people. Additionally, Myanmar has now assumed the rotating chairmanship of ACMECS. We express our pride in the Senior General and extend our congratulations for securing positive outcomes for Myanmar and for assuming the ACMECS chairmanship.

**On behalf of Association of Myanmar citizens of Chinese origin**
**Myanmar Chinese Chamber of Commerce**
**Yangon Yunnan Social Assistance Association**
**Hong Qian (Fukin) Chinese National Team**
**Association of Kaungtong Traders and Entrepreneurs**

**Congratulations statement by Myanmar Interfaith Dialogue Organization (Central)**

**11 November 2024**

Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister, visited China and attended the 8th Greater Mekong Subregion (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit held in the People's Republic of China. We proudly extend our heartfelt congratulations on his dedication to advancing Myanmar's political, economic, and social sectors to the best of his ability, and on his assumption of the ACMECS chairmanship.

**Myanmar Interfaith Dialogue Organization (Central)**
**Executive Group**

**Multi-Ethnic Unity and Welfare Organization (Temporary)**
**Statement of special honour and congratulations**

**11 November 2024**

At the invitation of the government of the People's Republic of China, Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister, attended the 8th Greater Mekong Sub-region (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit.

We proudly offer our heartfelt congratulations on his success in bringing about positive outcomes from the meetings with the Prime Ministers of Thailand, Cambodia, and Laos, and for developing economic plans for national development.

**Multi-Ethnic Unity and Welfare Organization(Temporary)**

**Myanmar Evangelical Christian Alliance**
**A statement of special honour and congratulations**

**11 November 2024**

The 8th Greater Mekong Sub-region (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Lao PRD-Myanmar-Vietnam (CLMV) Summit were held in the People's Republic of China.

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended those summits. We express our pride in the Senior General and extend our congratulations for both the positive outcomes secured for Myanmar and his assumption of the ACMECS chairmanship.

**Myanmar Evangelical Christian Alliance**

See Page - 20 ■■

# Huangyan Dao is China's Maritime Territory Under International Law, Says Foreign Ministry



According to the Chinese Foreign Ministry, Huangyan Dao (Scarborough Shoal) remains part of China's maritime territory under international law.

This announcement follows the recent signing of the Maritime Zones Act and the Archipelagic Sea Lanes Act by Philippine President Ferdinand Marcos Jr., which included the waters around Huangyan Dao, as well as almost all the parts of the Nansha (Spratly) Islands and adjoining territories, within Philippine territory. In response, the Chinese government issued a firm protest, summoning the Philippine ambassador and outlining the boundaries of Huangyan Dao's territorial waters.

As stated by China's Ministry of Foreign Affairs, existing international laws, including the United Nations Convention on the Law of the Sea (UNCLOS), as well as China's own territorial sea legislation, have already established the boundaries of the maritime areas surrounding Huangyan Dao. The ministry also asserted that the Philippines' designation of these areas in its Maritime Zones Act constitutes an infringement on China's sovereignty in the South China Sea.

The Foreign Ministry's statement emphasised that China's maritime rights and interests have been seriously compromised and reiterated its strong opposition to the Philippines' actions. The ministry affirmed its intention to take all necessary measures to safeguard its maritime sovereignty and rights.

China also criticised the Philippine law, suggesting it breaches agreed principles for conduct in the region and risks heightening tensions in the South China Sea. It called on the Philippines to respect China's sovereignty and maritime rights, refrain from unilateral actions that could escalate tensions, and work towards maintaining regional peace and stability.

**H.M**

■■ From Page - 19

**Union of Myanmar Methodist Church (Lower Myanmar)**
**Statement of special honour and congratulations**
**11 November 2024**

Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister, visited China from 5 to 10 November 2024 and attended the 8th Greater Mekong Sub-region (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit. We proudly extend our heartfelt congratulations on his dedication to advancing Myanmar's political, economic, and social sectors to the best of his ability, and on his assumption of the ACMECS chairmanship.

**Union of Myanmar Methodist Church (Lower Myanmar)**

**Statement of special pride and congratulations from All Myanmar Tamil Hindu Foundation (H.Q.)**
**11 November 2024**

State Administration Council Chairman and Prime Minister, Senior General Min Aung Hlaing, attended the 8th Greater Mekong Subregion Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit in the People's Republic of China.

We take pride in his success in encouraging international business investment in Myanmar, initiating projects that benefit the country, and assuming the chairmanship of ACMECS. Congratulations are extended for his achievements in these areas.

**All Myanmar Tamil Hindu Foundation (HQ)**

**All Myanmar Hindu Central Council**
**Statement of remarkable pride and congratulations**
**11 November 2024**

At the invitation of the government of the People's Republic of China, State Administration Council Chairman and Prime Minister Senior General Min Aung Hlaing attended the 8th Greater Mekong Subregion (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit.

We express our pride in the Senior General and extend our congratulations for his contributions to advancing Myanmar's political, economic, and education sectors, as well as on his assumption of the ACMECS chairmanship.

**All Myanmar Hindu Central Council**

**Statement of Islamic Religious Affairs Council Myanmar**
**11 November 2024**

State Administration Council Chairman Prime Minister Senior General Min Aung Hlaing attended the 8th Greater Mekong Subregion (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit, in the People's Republic of China, from 5 to 10 November 2024, and achieved significant positive results for the country and people. The Islamic Religious Affairs Council Myanmar releases a statement appreciating the efforts of the Senior General.

**Islamic Religious Affairs Council Myanmar**

# More than 3,000 acres of vegetables thriving in Tamu District

TAMU November 11

Statistics of Tamu District Agricultur Department stated that a total of 3,335 acres of croplands have been placed under vegetable plantations in Tamu District of Sagaing Region this monsoon.

As local authorities set a plan to grow 3,318 acres of vegetables in monsoon of 2024-2025 financial year, local farmers started cultivation of vegetables on 3,335 acres of land, exceeding the target cultivation.

U Hla Myint, Head of Tamu District Agriculture Department clarified: "Local farmers have so farm planted 3,335 acres of vegetables exceeding the target of 3,318 acres in Tamu District this monsoon. They grow mustard, chilli, spicy, potato, cabbage, eggplant, reddish, and other crops. We urged local farmers to use good agriculture practices in growing crops. And, we raised farmer awareness to reducing chemical residue on vegetables."

This year, Myithit Township of Tamu District grew 879 acres of vegetables, Tamu Township 945 acres and Khampak 1,520 acres, totalling 3,335 acres.

This year., Myothit Township earmarked 873 acres of vegetables, Tamu Township 930 acres and Khampak 1,515 acres, totalling 3,318 acres.

This year, officials of relevant agriculture departments in Tamu District help local farmers produce healthy vegetables and expand sown acreage of crops.

Officials of the department educate local farmers to use systematic broadcasting of fertilizers, prevent pesticides and apply correct agricultural techniques.

**SMK**

▶▶ From Page - 18

Then, the ceremony was opened with three-time recitations of namo tassa and paying obeisance to the Buddha and the Senior General and congregation received the five precepts from the Minkyaung Sayadaw of Thanlyin. Then, the Senior General and congregation meditated on Metta Sutra recited by the Sayadaws.

Afterward, the Senior General and wife offered Kathina robes and donations to the Minkyaung Sayadaw and the rector Sayadaw.

Then, the Vice-Senior General and wife offered Kathina robes and donations to the secretary Sayadaw of the SSMNC.

Afterward, the secretary and wife, the joint secretary and wife, members of the SAC and their wives offered Kathina robes and donations to Sayadaws.

See Page - 19▶▶



Senior General Min Aung Hlaing views the Kathina robes and donations and donation trees.



A Sayadaw being offered Kathina robes and donations.

A Sayadaw being offered Kathina robes and donations.





A Sayadaw being offered Kathina robes and donations.

A Sayadaw being offered Kathina robes and donations.



## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ကျောက်မီးသွေးမှ ဓာတ်မြေသြဇာထုတ်လုပ်သည့်စက်ရုံသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် သွားရောက်ကြည့်ရှုလေ့လာ



**နေပြည်တော် နိုဝင်ဘာ ၁၁**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၉ ရက်တွင် ချန်းကျိုးမြို့ရှိ ကျောက်မီးသွေးမှ ဓာတ်မြေသြဇာထုတ်လုပ်သည့်စက်ရုံ Lu An Chemical Plantသို့ သွားရောက်လေ့လာရာ စက်ရုံတာဝန်ရှိသူများက ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၁၀ ရက်တွင် ပေကျင်းမြို့ရှိ Aerospace Museum နှင့် CETEC (Changzheng Engineering Technology Co., Ltd.) ၏ Research and Development Center တို့သို့ သွားရောက်လေ့လာကြပြီး CETEC ရုံးချုပ်တွင် CETEC မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကျောက်မီးသွေးမှ ဓာတ်မြေသြဇာ ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သော ကျောက်မီးသွေး၏ အရည်အသွေးနှင့်ပြည့်မီစွာ စဉ်ဆက်မပြတ်ရရှိရေးအတွက် အကြိုလေ့လာဆန်းစစ်မှုများကို တိကျသေချာစွာစိစစ်ဆောင်ရွက်ရေး၊ Clean Coal Technology (CCT) ကဲ့သို့သော အဆင့်မြင့်နည်းပညာများအသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုဖြစ်ပေါ်စေမှုအား လျှော့ချနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် နိုင်ငံတကာစံချိန်စံနှုန်းနှင့်အညီဆောင်ရွက်နိုင်ရေး၊ စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသုံးပြုမည့် အဆင့်မြင့်နည်းပညာများအား စနစ်တကျလွှဲပြောင်းရရှိရေး၊ Human Resourses (HR) မြင့်မားစေရေးအတွက် စာတွေ့လက်တွေ့သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးနိုင်ရေး စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ယနေ့တွင် ပေကျင်းမြို့ရှိ WISDRI Engineering & Research Incorporation Limited အစည်းအဝေးခန်းမ၌ ကျောက်မီးသွေးမှ ဓာတ်မြေသြဇာ ထုတ်လုပ်မှုနည်းစဉ်များတွင် အဓိကအသုံးပြုမည့် အအေးလွန်နည်းပညာအသုံးပြု၍ အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ကိုထုတ်ယူသည့်နည်းပညာဆိုင်ရာများ၊ လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ကျောက်မီးသွေးမှ တစ်ဆင့် ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပညာရှင်များမှ ရှင်းလင်းတင်ပြခဲ့မှုအပေါ်တွင် အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၁၁-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၇.၆ | ၄၅.၇ |
| တီးတိန်မြို့ | ၁၀.၀ | ၅၀.၀ |
| ပြင်ဦးလွင်မြို့ | ၁၂.၆ | ၅၄.၇ |

## "ဆွေမျိုးပေါက်ဖော် ရှေ့ခရီး"

❖ အိမ်နီးနားချင်း၊ ချစ်ကြည်ခြင်းသည်
ကောင်းခြင်းဖြာဖြာ မင်္ဂလာတည့်။

❖ ရပ်နီးနားချင်း၊ ဖေးကူခြင်းသည်
ရင်းနှီးချစ်ခင်၊ သံယောဇဉ်ကို
ထင်ရှားပြသ နေသည်တကား။

❖ အိမ်ရှေ့ အိမ်နောက်
အိမ်အောက် အိမ်ပေါ်
တိုင်ပင်ဖော်ဟု၊ ယုံကြည်မှုဖြင့်
လူမှုအရေး၊ စီးပွားရေးနှင့်
ပြည့်ရေးပြည့်ရာ၊ အဖြာဖြာကို
သူ့, ငါ ကောင်းကျိုး၊ ဆထက် တိုးအောင်
ကြိုးပမ်းဆောင်မြန်း၊ အခန်းခန်းလျှင်
ရွှင်လန်းကြည်နူး ဖွယ်တကား။

❖ ဩော် အတိအတော၊ ရှေးပဝေမှ
မသွေခုတိုင်၊ မယိမ်းယိုင်ဘဲ
ခိုင်မြဲချိတ်ဆက်၊ ပေါင်းစုလက်ဖြင့်
နှစ်ဖက်ပြည်ထောင်၊ ပြည်ကျိုးဆောင်မည်
အောင်မည်ခံယူ မုချတည်း။
ဆွေမျိုးပေါက်ဖော် ရှေ့ခရီး။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

# ဟွမ်းယန်တောင်းက နိုင်ငံတကာဥပဒေအရ တရုတ်နိုင်ငံ၏ပင်လယ်ပြင်ပိုင်နက်ဖြစ်



**ပေကျင်း၊ နိုင်ငံရေး**

တောင်တရုတ်ပင်လယ်ရှိ ဟွမ်းယန်တောင်း(စကားဘရော့သောင်စွယ်)သည် နိုင်ငံတကာဥပဒေအရ တရုတ်နိုင်ငံ၏ ပင်လယ်ပြင်ပိုင်နက်နယ်မြေတစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့ဂျူနီယာကလက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည့် ပင်လယ်ရေကြောင်းနယ်မြေများဆိုင်ရာ အက်ဥပဒေနှင့် ကျွန်းစုများအနီးပင်လယ်ရေလမ်းကြောင်း အက်ဥပဒေတို့တွင် ဟွမ်းယန်တောင်းနှင့်အနီးဝန်းကျင်ရှိပင်လယ်ပြင်ပိုင်နက်နယ်မြေများ၊ နန်ရှား(စပရတ်လေ)ကျွန်းစု၏ကျောက်တန်းများနှင့်ကျွန်းများအားလုံးနီးပါးအပြင်၎င်းတို့နှင့်ဆက်စပ်နေသော နယ်မြေများကို ဖိလစ်ပိုင်နိုင်ငံ၏ပိုင်နက်အဖြစ် ထည့်သွင်းဖော်ပြပြီးနောက် တရုတ်အစိုးရကယခုကဲ့သို့ ထုတ်ပြန်လာခြင်းဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တရုတ်နိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီးကို ဆင့်ခေါ်ကာ ပြင်းပြင်းထန်ထန်ကန့်ကွက်သည့်အပြင် ဟွမ်းယန်တောင်းအနီးဝန်းကျင်ရှိ ပိုင်နက်ပင်လယ်ပြင်၏ အခြေခံနယ်နိမိတ်သတ်မှတ်ချက်များကိုဖော်ပြသည့် ထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခြင်းဖြစ်သည်။

ပင်လယ်ပြင်ဥပဒေဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းကဲ့သို့ အပြည်ပြည်ဆိုင်ရာဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပိုင်နက်ပင်လယ်ပြင်နှင့် ဆက်စပ်နယ်မြေဆိုင်ရာဥပဒေတို့တွင် ဟွမ်းယန်တောင်းရဲ့ နယ်နိမိတ်ကိုသတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သကဲ့သို့ ထိုနယ်နိမိတ်ထဲတွင် ဟွမ်းယန်တောင်း၏ဆက်စပ်ပင်လယ်ပြင်ပိုင်နက်နေရာများကိုလည်း ဖော်ပြကြေညာထားပြီးဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံက ၎င်းတို့၏ ပင်လယ်ရေကြောင်းနယ်မြေများဆိုင်ရာ အက်ဥပဒေတွင် ဟွမ်းယန်တောင်းကို ၎င်းတို့၏ပိုင်နက်နယ်မြေအဖြစ်ထည့်သွင်းသတ်မှတ်လိုက်ခြင်းသည် တောင်တရုတ်ပင်လယ်အတွင်းရှိ တရုတ်နိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ပင်လယ်ပြင်ဆိုင်ရာအခွင့်အရေးများနှင့်အကျိုးစီးပွားများကို ဆိုးဆိုးဝါးဝါးချိုးဖောက်ရာရောက်ကြောင်း သတ်မှတ်နိုင်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံ၏လုပ်ရပ်ကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ကန့်ကွက်ကာ နယ်မြေအချုပ်အခြာ အာဏာပိုင်ဆိုင်မှု၊ ပင်လယ်ပြင်ဆိုင်ရာအခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဥပဒေနှင့်အညီ ခိုင်မာစွာကာကွယ်သွားရန် လိုအပ်သည့် အရာအားလုံးကိုဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့အတူ ဖိလစ်ပိုင်နိုင်ငံက ထိုကဲ့သို့သောဥပဒေထုတ်ပြန်မှုသည်တောင်တရုတ်ပင်လယ်အတွင်းရှိ နယ်မြေပိုင်ဆိုင်မှုအငြင်းပွားနေသည့် သက်ဆိုင်ရာနိုင်ငံများလိုက်နာရမည့်ကျင့်ဝတ်စည်းမျဉ်းများကို ဆိုးဝါးစွာချိုးဖောက်ရာရောက်သည့်အပြင် တောင်တရုတ်ပင်လယ်ပြင်အရေးကိုလည်း ပိုမိုရှုပ်ထွေးသွားစေနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဆက်လက်ပြီး ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နယ်မြေ၊ ပင်လယ်ပြင်အခွင့်အရေးများနှင့် အကျိုးစီးပွားများ လေးနက်စွာလေးစားရန်၊ အခြေအနေများကိုရှုပ်ထွေးတင်းမာမှုမြင့်တက်စေမည့် တစ်ဖက်သတ်လုပ်ဆောင်ချက်များကိုရပ်တန့်ရန်နှင့် တောင်တရုတ်ပင်လယ်ပြင်ကို ငြိမ်းချမ်းမှုနှင့်တည်ငြိမ်မှုတို့ရှိစေရေးထိန်းသိမ်းရန် တိုက်တွန်းကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ဟုသိရသည်။

H.M

# ရှီဂဲရူအီရှီဘာ ဂျပန်နိုင်ငံ၏ဝန်ကြီးချုပ်အဖြစ်ထပ်မံရွေးကောက်ခံရ



**တိုကျို၊ ပြည်တွင်းရေး**

ဂျပန်နိုင်ငံ၌ နိုဝင်ဘာလ ၁၁ ရက်တွင် ကျင်းပသော လွှတ်တော်နှစ်ရပ်အတွင်း မဲပေးရွေးချယ်မှုအရ လက်ရှိအာဏာရပါတီဖြစ်သော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှခေါင်းဆောင် ရှီဂဲရူအီရှီဘာက ဂျပန်နိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် ထပ်မံရွေးကောက်ခံရကြောင်း သိရသည်။

ဂျပန်ဒိုင်းယက်လွှတ်တော်က ဝန်ကြီးချုပ်အသစ်ရွေးကောက်တင်မြှောက်ရေးအတွက် နိုဝင်ဘာလ ၁၁ ရက် မွန်းလွဲပိုင်းတွင် အထူးအစည်းအဝေးကျင်းပကာ မဲပေးရွေးချယ်ခြင်းဖြစ်သည်။

ရှီဂဲရူအီရှီဘာသည် လွှတ်တော်အတွင်း ထောက်ခံမဲ ၂၂၁ မဲဖြင့် ပြိုင်ဘက်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဒီမိုကရက်တစ် ပါတီခေါင်းဆောင် ယိုရှီဟီကိုနိုဒါကို အနိုင်ရရှိခြင်းဖြစ်သည်။

ဝန်ကြီးချုပ်အဖြစ်ထပ်မံရွေးကောက်ခံရသည့် ရှီဂဲရူအီရှီဘာသည် နိုဝင်ဘာလ ၁၁ ရက်ညနေပိုင်းတွင် သမ္မတနန်းတော်၌ ကျမ်းသစ္စာကျိန်ဆိုကာ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကိုကျင်းပသည်။

ဝန်ကြီးချုပ်၏အစိုးရအဖွဲ့ကိုမူ မကြာမီဖွဲ့စည်းသွားမည်ဖြစ်ပြီး အစိုးရအဖွဲ့အတွင်းဝန်ချုပ် ယိုရှီမာဆာဟာယာရှီအနေဖြင့် အစိုးရအဖွဲ့တွင်ပါဝင်မည့်သူများကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

Ref: Xinhua

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် တရုတ်နှင့်စင်ကာပူတို့ သဘောတူညီချက် ၂၅ ရပ်ကိုလက်မှတ်ထိုး



**စင်ကာပူ၊ ပူးပေါင်းဆောင်ရွက်ရေး**

တရုတ်နှင့်စင်ကာပူနိုင်ငံတို့မှ ထိပ်သီးခေါင်းဆောင်များ၏ နှစ်ပတ်လည်အစည်းအဝေးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် နှစ်နိုင်ငံကြားတွင် သဘောတူညီချက် ၂၅ ရပ်ကို လက်မှတ်ထိုးလိုက်ကြောင်းသိရသည်။

အဆိုပါသဘောတူညီချက် ၂၅ ရပ်သည် ပြီးခဲ့သည့်နှစ်တွင်ရရှိသောသဘောတူညီချက် ၂၄ ရပ်ထက်သဘောတူညီချက်တစ်ရပ် ပိုမိုရရှိလာခြင်းဖြစ်ပြီး နိုဝင်ဘာလ ၁၁ ရက်တွင်ကျင်းပသော အကြိမ်(၂၀) မြောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးပူးတွဲကောင်စီ၌ ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံရှိ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသော အဆိုပါအခမ်းအနားသို့ စင်ကာပူဒုတိယဝန်ကြီးချုပ်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ်တို့ တက်ရောက်ပြီး အဆိုပါသဘောတူညီချက်များကို ထုတ်ပြန်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့ကြား ဆက်ဆံရေးသည် နှစ်နိုင်ငံအကျိုးစီးပွားများနှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် ယုံကြည်မှုများအပေါ် အခြေခံခြင်းဖြစ်ကြောင်း စင်ကာပူဒုတိယဝန်ကြီးချုပ်ကပြောသည်။

အဆိုပါနှစ်နိုင်ငံသဘောတူညီချက်များတွင် ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် ပင်လယ်ရေကြောင်းဆိုင်ရာနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှုများပါဝင်ကြောင်း သိရသည်။

Ref: AGC

# တိုင်ဖွန်းတိုရာဂျီ ဖိလစ်ပိုင်မြောက်ပိုင်းသို့ဝင်ရောက်တိုက်ခတ်

**မနီလာ၊ သဘာဝဘေး**

အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတစ်လုံးဖြစ်သည့် တိုရာဂျီသည် နိုဝင်ဘာလ ၁၁ ရက်နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ကြောင်းသိရသည်။

အဆိုပါမုန်တိုင်းတိုက်ခတ်စဉ် လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၃၀ နှုန်းရှိကြောင်းနှင့် လူ့ဇွန်ကျွန်းဒေသတစ်ဝန်း၌ မိုးရေချိန်မီလီမီတာ ၂၀၀ ကျော်ရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။ လူဇွန်ကျွန်းသည် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မုန်တိုင်းရင်ရှင်း၏နှစ်ကြိမ်တိုင်တိုင်တိုက်ခတ်မှုနှင့် ရင်ဆိုင်ရပြီးနောက် ယခုတစ်ခါ မုန်တိုင်းတိုရာဂျီတိုက်ခတ်မှုနှင့် ထပ်မံရင်ဆိုင်ရခြင်းဖြစ်သည်။

မုန်တိုင်းရင်ရှင်းကြောင့် ပျက်စီးဆုံးရှုံးမှုမှာ ပီဆို ၂၇၈ သန်းအထိရှိကာ အများစုမှာလယ်ယာစိုက်ပျိုးရေးမှဆုံးရှုံးမှုများဖြစ်သည်။ ယခုမုန်တိုင်းကြောင့် ထိုသို့ပျက်စီးဆုံးရှုံးမှုများပိုမိုမြင့်တက်လာနိုင်ကာ ၂၀၂၄ ခုနှစ်အတွင်း တိုက်ခတ်သောမုန်တိုင်းများကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ လယ်ယာစိုက်ပျိုးရေးမှဆုံးရှုံးမှုတန်ဖိုးမှာ ပီဆို ၁၂ ဘီလီယံနီးပါးရှိကြောင်းသိရသည်။

Ref: BP

# စုပေါင်းမဟာဘုံကထိန် အလှူမင်္ဂလာအခမ်းအနားကျင်းပနိုင်ရေးစည်းဝေး

မိုင်းခုတ် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့ နောင်တုံဘုန်းကြီးကျောင်းဓမ္မာရုံ၌ စုပေါင်းမဟာဘုံကထိန် အလှူမင်္ဂလာအခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၁၀ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ နောင်တုံကျောင်းဆရာတော်ထံမှ စုပေါင်းမဟာဘုံကထိန်အလှူမင်္ဂလာအခမ်းအနားကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဩဝါဒခံယူပြီး မြို့အုပ်ချုပ်ရေးမှူးဦးမျိုးသန့်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။



ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်မြို့မိမြို့ဖများက စုပေါင်းမဟာဘုံကထိန်အလှူမင်္ဂလာ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်ဆွေးနွေးကြကာ နောင်တုံကျောင်းဆရာတော်က ဩဝါဒမိန့်ကြားကြောင်းသိရသည်။

**သီတာအေး(ပြန်/ဆက်)**

# နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)၌ (၁၉)ကြိမ်မြောက် အင်ဂျင်နီယာဘွဲ့နှင်းသဘင်ကျင်းပ

ကျိုင်းတုံ နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)၏(၁၉)ကြိမ်မြောက် အင်ဂျင်နီယာဘွဲ့နှင်းသဘင် အခမ်းအနားကို နိုဝင်ဘာလ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ထို့နောက် နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)ဒုတိယပါမောက္ခချုပ်ဒေါက်တာကျော်သာထွန်းကအမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် မြို့ပြအင်ဂျင်နီယာဘွဲ့ရရှိသူ ၃၃ ဦး၊ အီလက်ထရွန်နစ် အင်ဂျင်နီယာဘွဲ့ရရှိသူ ၁၃ ဦး၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့ရရှိသူ ၂၀ ဦးနှင့် စက်မှုအင်ဂျင်နီယာဘွဲ့ရရှိသူ ၁၅ ဦး စုစုပေါင်း ၈၂ ဦး အား ဘွဲ့လက်မှတ်များ တစ်ဦးချင်း အပ်နှင်းပေးသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခဌာနမှူးများနှင့် ဆရာ၊ ဆရာမများ၊ ဘွဲ့ရယူမည့်ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)၌ ၂၀၀၁ ခုနှစ်မှ ယနေ့အထိ အင်ဂျင်နီယာဘွဲ့ရမောင်မယ် ၁၆၄၇ ဦးအား ဘွဲ့လက်မှတ်များ အပ်နှင်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**




# အသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲကျင်းပ

မိုင်းတုံ နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နိုဝင်ဘာလ ၁၁ ရက်တွင် စာသင်ကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောပွဲ၊ စာဖတ်ဝိုင်း၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲတို့ကို ကွင်းဆင်းဆောင်ရွက်သည်။



ရှေးဦးစွာ မိုင်းတုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝင်းဝင်းခိုင်က "မူးယစ်ရှောင်ရှားလူငယ်များ" ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍ လူကုန်ကူးမှုကာကွယ်တားဆီးရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ မှတ်တမ်းဓာတ်ပုံများကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေပြီး မှတ်သားထားတတ်သည့် အလေ့အထရရှိစေရန်နှင့် လိုအပ်သည့်အခါ မိမိတို့မှတ်သားထားသည်များကို ပြန်လည်အသုံးချတတ်စေရန်ရည်ရွယ်ပြသပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဝင်းခိုင်(မိုင်းတုံ၊ပြန်/ဆက်)**

# မိုင်းယောင်းမြို့နယ်၌ စဉ်ဆက်ပညာရေးလုပ်ငန်း ဆောင်ရွက်နေမှု တာဝန်ရှိသူများကြည့်ရှုအားပေး

မိုင်းယောင်း နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်ဒေကျေးရွာ၌ စဉ်ဆက်ပညာရေးလုပ်ငန်းသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို နိုဝင်ဘာလ ၁၀ ရက်တွင် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး အားပေးစကားပြောကြားကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ်စဉ်ဆက်ပညာရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် ကော်မတီဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး မုန့်၊ အအေးနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းဖြတ်၊ မိုင်းယောင်းမြို့နယ်တို့၌ စဉ်ဆက်ပညာရေးလုပ်ငန်းကို စာဖတ်ရှိန်မြှင့်တင်ရေး၊ တန်းညှိ၊ ဝင်ငွေတိုးပွားရေး၊ ဘဝသာယာရေး၊ တစ်ဦးချင်းဝါသနာပါရာလုပ်ငန်း၊ အနာဂတ်ဦးတည်ပညာရေးစသည့် အစီအစဉ်(၆)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိရာ မိုင်းယောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်အထိ တစ်ရက်လျှင် သုံးနာရီနှင့် စာသင်ဝိုင်း ၄၃ ဝိုင်း၊ စာသင်သား ၆၅၇ ဦး၊ ကြီးကြပ်လေးဦး၊ နည်းပြ ၈၆ ဦးဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စာသင်ချိန် ၄၅ မိနစ်တစ်ချိန်လျှင် ဌာနဆိုင်ရာများက မိမိဌာနလုပ်ငန်းဆောင်ရွက်ချက်များအား သင်ကြားပေးကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်း

ကျိုင်းတုံ နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မူလတန်းကြိုကျောင်း၌ နိုဝင်ဘာလ ၁၀ ရက်နံနက်ပိုင်းတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲကျင်းပသည်။

ရှေးဦးစွာ ကျိုင်းတုံခရိုင်လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများထံပေးအပ်သည်။

ထို့နောက်သင်တန်းသူများက သင်တန်းဆင်းပွဲအထိမ်းအမှတ်အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ ကျိုင်းတုံခရိုင်အတွင်းရှိ မြို့နယ်များမှမူလတန်းကြိုဆရာမ ၅၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာလ ၂၂ ရက်မှ နိုဝင်ဘာလ ၁၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**မောင်အိုးစည်**



**သင်မလိုသောမီးကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများအလင်းရပါစေ။**

# ပြည်ခရိုင်အတွင်း ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည့် ထူးချွန်တောင်သူများနှင့် မြို့နယ်များအား ဂုဏ်ပြုချီးမြှင့်



ပြည် နိုဝင်ဘာ ၁၁

ပြည်မြို့ ခေတ္တရာမြို့တော်ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ပြည်ခရိုင်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင်စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည့် ထူးချွန်တောင်သူများနှင့် သီးထပ်စွမ်းအား၊ သီးနှံစိုက်စွမ်းအား တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် မြို့နယ်များအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သီးထပ်စွမ်းအား ၉၀ ဒသမ ၇၁ ရာခိုင်နှုန်း၊ သီးနှံစိုက်စွမ်းအား ၁၉၁ ဒသမ ၀၁ ရာခိုင်နှုန်းတိုးတက်ရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌအားလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစိုက်ရာသီတွင် တစ်ဧကအထွက်နှုန်း ၁၅၈ တင်းထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ပြည်မြို့နယ် တွင်းဖြည်းကျေးရွာမှတောင်သူ ဦးအောင်ကိုလတ်အားလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစိုက်ရာသီတွင် တစ်ဧက အထွက်နှုန်း ၁၅၃ ဒသမ ၂၃ တင်းထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ပေါက်ခေါင်းမြို့နယ် အနောက်ကြို့ကုန်းကျေးရွာမှ ဦးသန်းဇော်ဌေးတို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်း၊ အစေ့ချကိရိယာနှင့် ဓာတ်မြေဩဇာများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် နေကြာသီးနှံ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိစေရေး မျိုးရွေးချယ်ခြင်း၊ စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာအသိပညာများအား ပြည်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးကလည်းကောင်း၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများက စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းချိန်အထိ ဆောင်ရွက်ခဲ့သည့်အတွေ့အကြုံများအားလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကာ တက်ရောက်လာသည့် ပြည်၊ ရွှေတောင်၊ ပန်းတောင်းနှင့် ပေါက်ခေါင်းမြို့နယ်တို့မှ တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်မိသားစုများ၏ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာပြုလုပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်မိသားစုများ၏ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကျင်းပစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၁

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်မိသားစုများ၏ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ တိုင်းချေမ်းမေ့ရုံ၌ ပြုလုပ်ရာ တောင်ငူမြို့ ရွှေဆံတော်မရမ်းကျောင်းတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရွှေဆံတော်မရမ်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက်တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံ ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအား အသီးသီးဆက်ကပ်လှူဒါန်းကြပြီး ရွှေဆံတော်မရမ်းကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်မိသားစုများ၏ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များလှူဒါန်းသည့် နဝကမ္မအလှူငွေ ၁၃၇၀၉၀၀၀ ကျပ်နှင့် ၁၉၅၁၈၆၀၀ ကျပ်တန်ဖိုးရှိပဒေသာပင်(၃၂)ခုကို နိုဝင်ဘာလ ၁၀ ရက်တွင် ကေတုမတီမြို့သစ်အတွင်း လှည့်လည်ပူဇော်ခံခဲ့ကြပြီး တောင်ငူမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား အမယ်(၃)မျိုးနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား အမယ်(၃)မျိုးနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား အမယ်(၃)မျိုးနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။ ထို့နောက်တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား အမယ်(၃)မျိုးနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

# ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲ ရန်ကုန်မြို့၌ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၁

ထိုင်းတက္ကသိုလ်ဘွဲ့ရမြန်မာကျောင်းသားများအသင်း၊ Association of Myanmar Alumni from Universities in Thailand (AMAUT)မှကြီးမှူးကျင်းပသည့် ထိုင်းနိုင်ငံအတွင်းရှိ နိုင်ငံတကာအဆင့်မီတက္ကသိုလ်များစွာပါဝင်ပြသမည့် (၈)ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ နိုဝင်ဘာလ ၁၇ ရက်မှ ၁၈ ရက်ထိ စည်ကားသိုက်မြိုက်စွာပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရေးပြပွဲတွင် ထိုင်းနိုင်ငံမှ နိုင်ငံတကာအဆင့်မီ နာမည်ကျော်တက္ကသိုလ် ၂၉ ခုမှ ပါဝင်ပြသမည်ဖြစ်ပြီး မြန်မာကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ၊ ပညာရေးအဖွဲ့အစည်းများ၏ကိုယ်စားလှယ်များထံမှ သတင်းအချက်အလက်များကို တစ်ပြိုင်နက်တည်းရယူနိုင်မည်ဖြစ်သည်။

၎င်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲတွင် Mahanakorn University of Technology International College (MUTIC)၊ Bangkok University၊ Assumption University၊ Thai-Nichi International College(TNIC)၊ North Bangkok University၊ Siam Business Administration Technological တို့ကဲ့သို့ နာမည်ကျော်တက္ကသိုလ်များအပြင် အခြားတက္ကသိုလ်များလည်းပါဝင်ကြမည်ဖြစ်သည်။

မြန်မာကျောင်းသား၊ ကျောင်းသူများအနေဖြင့် စိတ်ဝင်စားသူမည်သူမဆို ကွန်ရက်များချိတ်ဆက်နိုင်မည့် ပညာရေးပြပွဲသို့ ဝင်ကြေးအခမဲ့ဖြင့် လာရောက်လေ့လာနိုင်မည်ဖြစ်ပြီး ထိုင်းတက္ကသိုလ်အများအပြားနှင့် တိုက်ရိုက်ဆွေးနွေးမှုများပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

# မော်လိုက်ခရိုင်၌ ဟင်းသီးဟင်းရွက်သီးနှံဧက ၂၅၉၀ စိုက်ပျိုးပြီးစီး

မော်လိုက် နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်၌ ဟင်းသီးဟင်းရွက်သီးနှံဧက ၂၅၉၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မော်လိုက်ခရိုင်၌ ဟင်းသီးဟင်းရွက်သီးနှံ ၂၆၄၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ နိုဝင်ဘာလ ၁၀ ရက်အထိ မော်လိုက်မြို့နယ်၌ ၁၀၇၈ ဧကနှင့်ဖောင်းပြင်မြို့နယ်၌ ၁၅၁၂ ဧက စုစုပေါင်း ဧက ၂၅၉၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

မော်လိုက်ခရိုင်၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်၌ ၁၁၀၉ ဧကနှင့် ဖောင်းပြင်မြို့နယ်၌ ၁၅၃၆ ဧက စုစုပေါင်း ၂၆၄၅ ဧကတို့ဖြစ်သည်။

မော်လိုက်ခရိုင်၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်နည်းပညာပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံးကို ၂၁-၁၁-၂၀၂၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ပြည်ပကုန်ကြမ်းတင်သွင်းမှုကိုလျှော့ချပြီး ပြည်တွင်းကုန်ကြမ်းများကို အသုံးပြုစေလို

**နေပြည်တော် နိုဝင်ဘာ ၁၁**

ငါးမွေးမြူရေးလုပ်ငန်းသုံးအစာကုန်ကြမ်းနှင့် ငါးအစာတောင့်လုပ်ငန်းတွင် အသုံးပြုရန် ပြည်တွင်းပဲပုပ်ဖတ်နှင့်အခြားသောကုန်ကြမ်းများ အစားထိုးအသုံးပြုနိုင်ရန်နှင့် လိုအပ်သောအစာ ဖြည့်စွက်ဆေးဝါးများ တင်သွင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးမွေးမြူသူများအသင်း၊ ငါးအစာထုတ်လုပ်သူများအသင်းများမှ တာဝန်ရှိသူများ၊ မွေးမြူရေးအစာ ကုန်ကြမ်းတင်သွင်းလိုသောကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ မန္တလေး၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ငါးမွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ငါးပုစွန်မွေးမြူရေးလုပ်ငန်း၏ စုစုပေါင်းကုန်ကျစရိတ် ရာခိုင်နှုန်း ၆၀ မှ ၇၀ သည် ငါးပုစွန်အစာတန်ဖိုးဖြစ်သည့်အတွက် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရန် အစာကုန်ကြမ်းများကို ပြည်တွင်း၌ လုံလောက်စွာရရှိရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ (၅၀၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အပူပိုင်းမုန်တိုင်း “ရင်ရှင်း” တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်း

**နေပြည်တော် နိုဝင်ဘာ ၁၁**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “ရင်ရှင်း” (YINXING) သည် တောင်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၁၈ နာရီအတွင်း ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေသို့ ရောက်ရှိနိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်လိုအပ်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်တွင်း၊ ပြည်ပလုပ်သားဈေးကွက်မှ လိုအပ်သောကျွမ်းကျင်လုပ်သားများ တိုးမြှင့်မွေးထုတ်ပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ NSSA အသိအမှတ်ပြုသင်တန်းကျောင်းများ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အသိအမှတ်ပြုသင်တန်းကျောင်းများ၊ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)မှ အတည်ပြုပြဋ္ဌာန်းထားသော အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံများနှင့်အညီ လေ့ကျင့်သင်ကြားပေးမည့်သင်တန်းကျောင်းများကို NSSA အသိအမှတ်ပြုသင်တန်းကျောင်းများအဖြစ် အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ထုတ်ပေးလျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ် ထုတ်ပေးခဲ့သည့် သင်တန်းကျောင်း ၂၀ ကျောင်းရှိပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လိုအပ်သော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကျွမ်းကျင်လုပ်သား စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လိုအပ်ချက်များ၊ အလုပ်အကိုင်အခွင့်အလမ်းချိတ်ဆက်ပေးနိုင်မှုများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

## ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက်အတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၇၆ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၃ ဒီဂရီဖာရင်ဟိုက်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၆ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၇ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၆၉ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၉ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းအတွင်းနှင့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၈၉ ရာခိုင်နှုန်းမှ ၉၆ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၁၃ မီလီမီတာမှ ၂၁ မီလီမီတာအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၂ မီလီမီတာမှ ၃၁ မီလီမီတာ အတွင်းနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၂ မီလီမီတာမှ ၄၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (ပြည့်ဝ) အခြေအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေ အသီးသီးရှိနိုင်သည်။


(မိုး/ဇလ)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်မည့်အားကစားသမားများ၊ အုပ်ချုပ်သူ/ နည်းပြများအား ဧည့်ခံကျွေးမွေးနေမှုအခြေအနေများကို ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Cluster-9 တွင် အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများနှင့် အုပ်ချုပ်သူ/ နည်းပြများကို တည်ခင်းဧည့်ခံကျွေးမွေးနိုင်ရန် ချက်ပြုတ်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ တည်ခင်းကျွေးမွေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီအနေဖြင့် ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများ၏ တည်းခိုနေထိုင်ရေးသာမက အားကစားသမားများစားသုံးမည့် အစားအစာများကို ဧည့်ခံကျွေးမွေးရာတွင် အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်မှုရှိသော အစားအစာများဖြစ်စေရန် စနစ်တကျ ချက်ပြုတ်ကျွေးမွေးနိုင်ရေးအတွက် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုပေးမည့်ဝန်ထမ်းများ၏တစ်ကိုယ်ရေသန့်ရှင်းမှု၊သပ်ရပ်မှုရှိအောင် ပြင်ဆင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားခဲ့ကြောင်းသိရသည်။ (၅၀၀)



# အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ (၃/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၁**

အမျိုးသားရေဥပဒေ စတုတ္ထမူကြမ်းအား ဆွေးနွေးတည်းဖြတ်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ၏(၃/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးကော်မတီများမှ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုအစည်းအဝေးတွင် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဝင်များ အနေဖြင့် အမျိုးသားရေဥပဒေစတုတ္ထမူကြမ်းအပေါ် ပြန်ကြားလာသည့် သဘောထားမှတ်ချက်များအရ မိမိတို့နိုင်ငံတွင် လက်တွေ့ကျင့်သုံးနိုင်မည့်အခြေအနေများ၊ လိုအပ်ချက်များနှင့်ကိုက်ညီစေရန် ပုဒ်မ၊ ပုဒ်မခွဲတစ်ခုချင်းစီအလိုက် အသေးစိတ်ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ အမျိုးသားရေဥပဒေ ပဉ္စမမူကြမ်းကိုပြုစုပြီးပါက မိမိတို့နိုင်ငံနှင့် အသင့်လျော်ဆုံးဖြစ်စေမည့် ရေဥပဒေတစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး (၁) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က အမျိုးသားရေဥပဒေရေးဆွဲရေးဆောင်ရွက်ထားရှိမှုများ၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့လုပ်ငန်းစဉ်လျာထားချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများက အမျိုးသားရေဥပဒေ စတုတ္ထမူကြမ်းအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ၏(၃/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမျိုးသားရေဥပဒေစတုတ္ထမူကြမ်းနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ဆက်လက်ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၈) သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

အခြေခံပညာဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် အဆိုပါတက္ကသိုလ်ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးဆန်းမြင့်ကသင်ကြားသင်ယူရေးလုပ်ငန်းများတွင်စေတနာ၊ ဝါသနာ၊ အနစ်နာဟူသည့် နာ(၃)နာကို အရင်းခံပြီး အမျိုးသားပညာရည်မြင့်မားရေးအတွက်ဆောင်ရွက်ကြရန်နှင့် နိုင်ငံတကာအဆင့်မီ အရည်အသွေးအာမခံနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းစေရေး သင်ကြားလေ့ကျင့်ပေးကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ သင်တန်းသား ၈၁ ဦး၊ သင်တန်းသူ ၃၀၂ ဦး စုစုပေါင်း ၃၈၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း အမှတ်စဉ် (၉/ ၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ် သင်တန်းအမှတ်စဉ် (၉/၂၀၂၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတိုးချဲ့ရုံးအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ယခုသင်တန်းမှာ ကျင်းပမည့် ရွေးကောက်ပွဲအတွက် မဲပေးစက် (MEVM) အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်သည့် သင်တန်းဖြစ်ကြောင်း၊ MEVM စက်ကို မြန်မာပညာရှင်များ စမ်းသပ်တီထွင်ထုတ်လုပ်ခဲ့ပြီး ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးလေးခုအပါအဝင် နေပြည်တော်ကောင်စီနယ်မြေမှ မဲဆန္ဒရှင်ပြည်သူ တစ်သိန်းကျော်အား ရှင်းလင်းပြသလက်တွေ့စမ်းသပ်မှုဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အားပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ သင်ကြားပြသပေးမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့မှ သင်တန်းသား ၂၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို နိုဝင်ဘာလ ၁၁ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

၁၂-၁၁-၂၀၂၄

မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ (မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။
★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များပေါ်များရေး။
★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။
★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။**

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၅-၁၁-၂၀၂၄)

## ၂၀၂၄ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲကျင်းပ

တောင်ကြီး နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော် ရင်ပြင်၌ ယနေ့ညနေ ၄ နာရီခွဲတွင် ၂၀၂၄ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ တန်ဆောင်တိုင်ပွဲတော် ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တက်ရောက်လာသူများက ဘုရားဝတ်ပြုခြင်းနှင့် ဘုရားပန်း ဆက်ကပ်လှူဒါန်းပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက စိန်နားပန်မီးပုံးပျံလွှတ်တင်ခြင်းအား ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဝေရာမီးပုံးပျံကွင်း၌ရောက်ရှိနေရာယူကြပြီး ခေတ်ပေါ်တေးဂီတအဖွဲ့မှ တီးခတ်သီဆိုဖျော်ဖြေသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

၎င်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တန်ဆောင်တိုင် ပွဲတော်ဖွင့်ပွဲတွင် အမှာစကားပြောကြားပြီး တန်ဆောင်တိုင်ပွဲတော်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် စိန်နားပန်မီးပုံးပျံကြီး နှစ်လုံး၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများက မီးပုံးပျံအသေးများအား တစ်ပြိုင်တည်းလွှတ်တင်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ၂၀၁၉ ခုနှစ် တောင်ကြီး တန်ဆောင်တိုင် ဆုရသီချင်းဖြင့် ဖျော်ဖြေ၍ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့နှင့် ပညာရေးဒီဂရီကောလိပ်အကအဖွဲ့တို့မှ တူညီအကဖြင့် တင်ဆက်ကြပြီး ခေတ်ပေါ်တေးဂီတတီးဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင် ပွဲတော်ကို နိုဝင်ဘာလ ၁၁ ရက်မှ ၁၇ ရက်အထိ ညမီးကြီး ၂၆ လုံး၊ စိန်နားပန် ၂၁ လုံး၊ နေ့လွှတ်အရုပ် ခြေလေးချောင်း ၄၀ လုံး၊ ခြေနှစ်ချောင်း ၁၄၇ လုံး၊ အရုပ်အုပ်စု ၂၂ အုပ်စုတို့ လွှတ်တင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)



## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ကယားပြည်နယ် ပြည်သူ့ပါတီ (KySPP)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ယနေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၁၈ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀၊ စုစုပေါင်း ၆၈ ပါတီ ရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့် အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အရိပ်လည်းနေ အခက်လည်းချိုးကြသော PDF အကြမ်းဖက်များမှ အုန်းပေါင်းရွာက ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်သွား"** ခေါင်းစဉ်ဖြင့် ၁၃-၁၁-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားတွေရဲ့ လက်သုံးစကား ဒလန်ဆိုတဲ့ခေါင်းစဉ်အောက်မှာ အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံနေရ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၃၀ | ၃၁၁၅ | ၃၀၉၀ | ၃၀၄၀ | ၃၁၁၅ | ၃၁၂၅ | ၃၁၄၀ | ၃၀၉၅ | ၄၅၄၀ | ၃၂၅၀ | ၃၁၀၀ | ၃၁၂၀ | ၃၁၅၀ | ၃၁၄၀ | ၃၁၅၀ | ၃၅၅၅ | ၄၀၅၀ |
| 95 Ron | ၃၂၁၀ | ၃၂၈၅ | ၃၂၇၀ | ၃၂၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၃၂၀ | ၃၂၇၅ | ၄၅၈၅ | ၃၄၃၀ | ၃၂၈၀ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၇၅ | ၂၇၀၀ | ၂၇၇၅ | ၂၇၈၅ | ၂၈၀၀ | ၂၇၅၅ | - | ၂၉၁၀ | ၂၇၆၀ | ၂၇၇၅ | ၂၈၁၀ | ၂၇၉၅ | ၂၈၁၀ | ၃၂၁၅ | ၄၀၅၀ |
| HSD (50 ppm) | ၃၃၄၅ | ၃၄၂၅ | ၃၄၀၀ | ၃၃၅၅ | ၃၄၃၀ | ၃၄၄၀ | ၃၄၅၅ | ၃၄၀၅ | ၄၈၆၅ | ၃၅၆၅ | ၃၄၁၅ | ၃၄၃၀ | ၃၄၆၅ | ၃၄၅၀ | ၃၄၆၅ | ၃၈၆၅ | - |
| HSD (10 ppm) | ၃၃၄၅ | ၃၄၂၅ | ၃၄၀၀ | ၃၃၅၅ | ၃၄၃၀ | ၃၄၄၀ | ၃၄၅၅ | ၃၄၀၅ | - | ၃၅၆၅ | ၃၄၁၅ | ၃၄၃၀ | ၃၄၆၅ | ၃၄၅၀ | ၃၄၆၅ | ၃၈၆၅ | - |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၅ | ၂၉၆၆ |
| 95 Ron | ၃၀၄၉ | ၃၁၄၄ |
| HSD (500 ppm) | ၂၅၄၄ | ၂၆၂၄ |
| HSD (50 ppm) | ၃၁၇၈ | ၃၂၇၁ |
| HSD (10 ppm) | ၃၁၇၈ | ၃၂၇၁ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၅၈၁ ၈၄၈ ၆၉၉၉၊ ၀၉ ၅၉၃ ၅၃၂ ၆၁၆၆
PADONMAR


အရည်အသွေးမြင့်စားသောက်ကုန်များအပါအဝင်ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART nine mile Showroom
NINE MILE BRANCH
Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
Skynet Bill Payment ပေးသွင်းခြင်း
Gift Card ပေးခြင်း
Internet Bill ပေးဆောင်ခြင်း
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
ပြည်ပ ငွေလွှဲ (ထိုင်း)
ဈေးဝယ်ခြင်း
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များ ပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။
Myanmar MOBILE MONEY
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

# စိတ်ခံစားချက်ကောင်းမွန်စေသောအစားအစာများ

ဒေါက်တာသိင်္ဂီကျော်

စိတ်ပျော်ရွှင်မှုကိုရလိုသည်မှာ လူတိုင်း၏ဆန္ဒတစ်ခုဖြစ်သည်။ လူတို့သည် စိတ်ချမ်းသာမှုနှင့်ပျော်ရွှင်မှုကိုရရှိနိုင်ရန် လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ တရားထိုင်ခြင်းတို့ကိုပြုလုပ်လေ့ရှိကြပါသည်။ အစားအသောက်သည် များသောအားဖြင့် ပျော်ရွှင်စေသည့်စာရင်း၏ထိပ်ဆုံးတွင်မရှိသော်လည်း အစားအစာစားသုံးမှုသည် လူတို့၏ခံစားချက်ကိုပြောင်းလဲပေးနိုင်သည့်အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း အာဟာရနှင့်စိတ်ကျန်းမာရေးကိုဆက်စပ်ပေးသည့် လေ့လာမှုများထွက်ပေါ်လာခဲ့ပြီး အချို့သောအစားအစာများသည် လူတို့၏ဦးနှောက်အတွင်းရှိ "ပျော်ရွှင်စေသောဟော်မုန်း"ဟု လူသိများသော Serotonin ဟော်မုန်းတိုးမြှင့်မှုနှင့် ဆက်စပ်နေကြောင်းတွေ့ရှိရသည်။ စိတ်ခံစားချက်နှင့်စိတ်ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေသောအစားအစာများသည် စိတ်ပျော်ရွှင်စေသောအစားအစာများဖြစ်ပြီး "ကောင်းမွန်သောခံစားမှု" ကိုဖြစ်စေသော ဓာတုပစ္စည်းများကို ပိုမိုထုတ်လုပ်ရန်ကူညီပေးသည့် အာဟာရများပါဝင်သည်။

စိတ်ခံစားချက်ကောင်းမွန်စေသော အစားအစာများစားခြင်းမှရရှိသောပျော်ရွှင်မှုသည် ဦးနှောက်၏ဆုလာဘ်စင်တာမှ "ခံစားချက်ကောင်းသောဟော်မုန်း" ဖြစ်သည့် Dopamine ကို ဖြည်းဖြည်းချင်းထုတ်လွှတ်ပြီး စိတ်ခံစားချက်ကိုမြှင့်တင်ပေးသည်။ ဂျာမနီနိုင်ငံမှ သုတေသီများ၏လေ့လာမှုအရ Dopamine သည် အစားအစာကို ပါးစပ်ထဲသို့ထည့်သည့်အခါတွင်တစ်ကြိမ်နှင့် အစာအိမ်သို့ရောက်ရှိသည့်အခါတွင် တစ်ကြိမ်ထွက်ကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် စိတ်ခံစားချက်ကောင်းမွန်စေသောအစားအစာကို ပထမဆုံးကိုက်စားခြင်းက အကျိုးအရှိဆုံးဖြစ်ပြီး အရသာကိုနှစ်သက်မှုမြင့်မားလေ Dopamine ထုတ်လွှတ်မှုမြင့်မားလေဖြစ်သည်။ Dopamine ၏ အကျိုးကျေးဇူးကြောင့် အစာစားခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာမှုရရှိနိုင်ပါသည်။ သို့သော် Dopamine ၏ "ထပ်တလဲလဲပျော်ရွှင်မှု" နိယာမကြောင့် အစာစားသည့်အခါတိုင်း စိတ်ချမ်းသာမှုကိုရရှိသဖြင့် တစ်ခါတစ်ရံ အစားစားခြင်းကိုလျှော့ချရန် ခက်ခဲနိုင်သည်။

ပျော်ရွှင်မှုကိုခံစားရရန် အထောက်အကူပေးနိုင်သည့် အစားအစာများတွင်တွေ့ရသော အာဟာရဓာတ်များမှာ ပရိုတင်း၊ Tryptophan၊ Omega –3 Fatty acid၊ ကာဗိုဟိုက်ဒရိတ်နှင့် အမျှင်ဓာတ်၊ Bioflavonoids နှင့် Polyphenols အင်တီအောက်စီးဒင့်များ၊ ဖောလိတ်၊ မဂ္ဂနီဆီယမ်၊ ဗီတာမင် C၊ ဗီတာမင် B12၊ ကြေးနီနှင့် ဇင့်တို့ပါဝင်သည်။ အမိုင်နိုအက်စစ် Tryptophan ပါဝင်သောအစားအစာများ (ဥများ၊ ဆော်လမွန်၊ ကြက်သား၊ ဘဲငန်းသား၊ ဒိန်ခဲ၊ တိုဟူး၊ ပဲနို့ ၊ ဟင်းနုနယ်ရွက်၊ နာနတ်သီး၊ ငှက်ပျောသီး၊ ကီဝီသီး၊ ဆီးသီး ၊ ခရမ်းချဉ်သီး၊ ထောပတ်သီး၊ စပျစ်သီး၊ သခွားမွှေးသီး)၊ အခွံမာသီးနှင့် အစေ့အဆန်များ(ရွှေဖရုံစေ့၊ Chia Seed၊ နှမ်း၊ နေကြာစေ့၊ အနက်ရောင်သစ်ကြားသီး၊ သီဟိုဠ်စေ့နှင့် မြေပဲများ) သည် Serotonin ပမာဏကိုတိုးမြှင့်စေပြီး အပြုသဘောဆောင်သည့် စိတ်ခံစားချက်ကို မြှင့်တင်ပေးသည်။

ခန္ဓာကိုယ်မှ Dopamine ထုတ်လုပ်နိုင်ရန် အသား၊ ငါး၊ နို့ထွက်ပစ္စည်းများ၊ ပဲများကဲ့သို့ ပရိုတင်းဓာတ်ကြွယ်ဝသောအစားအစာများနှင့် ပန်းသီး၊ ထောပတ်သီး၊ ငှက်ပျောသီး၊ ခရမ်းချဉ်သီး၊ လိမ္မော်သီး၊ ဖရဲသီး၊ မုန်လာဥနီ၊ အနက်ရောင်ချောကလက်၊ ဥ၊ ဂျုံနှင့် အုတ်၊ သံလွင်ဆီ၊ အစိမ်းရောင်ဟင်းသီးဟင်းရွက်များ၊ ပဲတောင့်ရှည်၊ မြေပဲ၊ ပဲစေ့၊ ရွှေဖရုံစေ့၊ ပဲကတ္တီပါ၊ နှမ်း၊ ပဲပိစပ်ထွက်ကုန်များ၊ ဟင်းနုနယ်ရွက်နှင့် နနွင်းတို့ကို စားရန်လိုအပ်သည်။

### အနက်ရောင်ချောကလက်

အနက်ရောင်ချောကလက်တွင်ပါသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက စိတ်ခံစားချက်ကိုမြှင့်တင်ပေးနိုင်စွမ်းရှိပါသည်။ Serotonin ထုတ်ရန်လိုအပ်သည့် Tryptophan ပါဝင်ပြီး ပျော်ရွှင်မှုနှင့်စိတ်အပန်းဖြေမှုတို့ကို ပံ့ပိုးပေးသည်။ သဘာဝအတိုင်း စိတ်ဓာတ်မြှင့်တင်ပေးနိုင်သော Theobromine နှင့် Phenylethylamine ကဲ့သို့ ဒြပ်ပေါင်းများပါဝင်ခြင်းကြောင့် စိတ်ခံစားချက်ကို ချက်ချင်းနီးပါး မြှင့်တင်ပေးနိုင်သည်။

### ဆော်လမွန်နှင့် အဆီများသောငါးများ

အဆီများသော ဆော်လမွန်နှင့် ဆာဒင်းငါးတွင် Tryptophan နှင့် Omega–3 Fatty acid၊ EPA နှင့် DHA၊ ဗီတာမင် B12 နှင့် B6 ကြွယ်ဝသောကြောင့် ခန္ဓာကိုယ်မှ Serotonin ထုတ်လုပ်ရန်ကူညီပေးပြီး စိတ်ဓာတ်ကျခြင်းကိုကာကွယ်ပေးပါသည်။ ပရိုတင်းဓာတ်အလွန်မြင့်မားပြီး အာရုံကြောများနှင့် ဦးနှောက်ဆဲလ်များကိုဆက်သွယ်ရန်အတွက် လိုအပ်သောဓာတုပစ္စည်းများထုတ်လုပ်ရန်လိုအပ်သည့် အမိုင်နိုအက်စစ်များကြွယ်ဝသည်။ အမေရိကန်နှလုံးအဖွဲ့အစည်းမှ တစ်ပတ်လျှင် ငါးနှစ်ကြိမ်စားရန်အကြံပြုထားပြီး ငါးမကြိုက်ပါက ကျန်းမာရေးနှင့်ညီညွတ်သောအဆီများပါဝင်သည့် နှမ်းကြတ်စေ့၊ Chia Seed နှင့် သစ်ကြားသီးများကိုစားနိုင်ပါသည်။

### အခွံမာသီးများနှင့် အစေ့အဆန်များ

ဗာဒံစေ့ သို့မဟုတ် သစ်ကြားသီးစေ့ လက်တစ်ဆုပ်စာသည် Serotonin ထုတ်လုပ်ရန်လိုအပ်သော Tryptophan ကို ပေးစွမ်းနိုင်ပါသည်။ အခွံမာသီးများတွင် အင်တီအောက်စီးဒင့်ပါဝင်သောကြောင့် စိတ်ကျရောဂါဖြစ်နိုင်ခြေကို လျော့ကျစေသည်။ သစ်ကြားသီးတွင် အပင်အခြေခံ Omega–3၊ ဗီတာမင် E နှင့် အင်တီအောက်စီးဒင့်များ၊ သတ္တုဓာတ်များစွာပါဝင်သဖြင့် ဦးနှောက်နှင့် မှတ်ဉာဏ်ကျန်းမာရေးအတွက် အကြံပြုထားသောအစားအစာတစ်ခုဖြစ်သည်။ လေ့လာမှုတစ်ခုအရ သစ်ကြားသီးကိုပုံမှန်စားသုံးသူများတွင် စိတ်ဓာတ်ကျခြင်းမှ ကာကွယ်နိုင်သည်ကိုတွေ့ရှိခဲ့သည်။ Chia Seed နှင့် နှမ်းကြတ်စေ့များတွင် Omega–3 Fatty acid ပါဝင်သောကြောင့် စိတ်ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သောအစားအစာများဖြစ်သည်။ နှမ်းကြတ်စေ့များတွင် အမျှင်ဓာတ်များနှင့် အမိုင်နိုအက်စစ် Tryptophan မြင့်မားစွာပါဝင်သည်။ ထို့ကြောင့် စိတ်ခံစားချက်ကိုမြှင့်တင်ရန် နေ့စဉ် အခွံမာသီးနှင့်အစေ့အဆန်များကို လက်တစ်ဆုပ်စာခန့် စားသုံးသင့်ပါသည်။

### ပရိုဘိုင်အိုတစ်

ကျန်းမာသောအူလမ်းကြောင်းနှင့် အစာအိမ်သည် ခန္ဓာကိုယ်တွင် Serotonin အများစုကို ဖန်တီးပေးသောကြောင့် စိတ်ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်ပါသည်။ အူလမ်းကြောင်းကျန်းမာရေးကို ထောက်ပံ့ပေးပြီး စိတ်ခံစားချက်ကိုကောင်းမွန်စေရန်အတွက် ဒိန်ချဉ်နှင့် ကင်မ်ချီကဲ့သို့သော ပရိုဘိုင်အိုတစ်ကြွယ်ဝသည့် အချဉ်ဖောက်ထားသောအစားအစာများကို စားရန်လိုအပ်သည်။

### ထောပတ်သီး

ထောပတ်သီးတွင် ခန္ဓာကိုယ်အာရုံကြောစနစ်နှင့် စိတ်ခံစားချက်များကိုထိန်းညှိပေးသည့် Choline နှင့် အာဟာရဓာတ်များကြွယ်ဝစွာပါရှိသောကြောင့် လူတို့ကို ပို၍ပျော်ရွှင်စေသည်။ Serotonin ကိုမြှင့်တင်ပေးသည့် ဗီတာမင် B3 ကြွယ်ဝသောကြောင့် စိတ်ဖိစီးမှုလျော့နည်းစေသည်။ လေ့လာမှုများအရ ထောပတ်သီးတွင်ပါဝင်သော Omega–3 Fatty acid နှင့် ကျန်းမာရေးနှင့်ညီညွတ်သောအဆီများသည် ဦးနှောက်ကျန်းမာရေးကိုမြှင့်တင်ပေးပြီး စိုးရိမ်ပူပန်မှုလျော့နည်းခြင်း၊ စိတ်ပိုင်းဆိုင်ရာထိန်းညှိပေးခြင်းတို့နှင့် ဆက်စပ်နေကြောင်းတွေ့ရှိခဲ့သည်။

### မှို

မှိုတွင် ဗီတာမင် D အများအပြားပါရှိပြီး စိတ်ကျရောဂါကိုသက်သာစေသောအရည်အသွေးများရှိသည်။ အပင်မှရသော ဗီတာမင် D အရင်းအမြစ်ဖြစ်သောကြောင့် ခန္ဓာကိုယ်က အလွယ်တကူစုပ်ယူနိုင်သည်။ မှိုများမှ ဗီတာမင် D အကျိုးကျေးဇူးအများဆုံးရရှိရန် ချက်ပြုတ်ခြင်းမပြုမီ နာရီအနည်းငယ်အလိုတွင် နေရောင်ခြည်နှင့်ထိတွေ့ပေးနိုင်လျှင် အကောင်းဆုံးဖြစ်သည်။

### ရေနွေးကြမ်းနှင့် ကော်ဖီ

ရေနွေးကြမ်းတွင် Epigallocatechin–3–gallate ဟုခေါ်သော အာရုံကြောကာကွယ်သည့်ဒြပ်ပေါင်းပါဝင်သဖြင့် အာရုံစူးစိုက်မှုကောင်းခြင်း၊ စိတ်တည်ငြိမ်ခြင်း၊ စိတ်ဖိစီးမှုကိုပိုမိုကောင်းမွန်သောရှုထောင့်မှဖြေရှင်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများနှင့်ဆက်စပ်လျက်ရှိသည်။ ရေနွေးကြမ်းတွင် L–theanine ဟုခေါ်သော အမိုင်နိုအက်စစ်ပါဝင်ပြီး Serotonin နှင့် Dopamine ထုတ်လုပ်မှုကိုတိုးမြှင့်စေနိုင်သည်။ အကျိုးကျေးဇူးအများဆုံးရရှိရန် တစ်ရက်လျှင် ရေနွေးကြမ်းနှစ်ခွက်မှ လေးခွက်အထိ သောက်သုံးပေးသင့်ပါသည်။

ကော်ဖီသည် ကဖိန်းဓာတ်ပါဝင်မှုကြောင့် Dopamine ပမာဏကိုတိုးမြှင့်စေပြီး စိတ်အားထက်သန်မှုနှင့် အာရုံစူးစိုက်မှုကိုကောင်းစေသည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြွယ်ဝသောကြောင့် ဦးနှောက်ဆဲလ်များ ပျက်စီးခြင်းကိုကာကွယ်ပေးနိုင်သည်။ မနက်ခင်းကော်ဖီတစ်ခွက်သောက်ခြင်းဖြင့် မှတ်ဉာဏ်၊ နိုးကြားမှုနှင့် စိတ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်တို့ကိုမြှင့်တင်ပေးသည်။ ၂၀၁၆ ခုနှစ်တွင် ကော်ဖီနှင့်ပတ်သက်သော သုတေသနပြုမှုများအပေါ် သုံးသပ်ချက်များအရ ကော်ဖီသောက်သုံးမှုသည် စိတ်ကျရောဂါဖြစ်နိုင်ခြေကို သိသိသာသာလျော့ကျစေကြောင်း ကောက်ချက်ချခဲ့သည်။

### ပဲအမျိုးမျိုး

ပဲအမျိုးမျိုးနှင့်ပဲစေ့များတွင် Dopamine နှင့် Serotonin ပေါင်းစပ်မှုအတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင် B၊ အပင်အခြေခံပရိုတင်းဓာတ်နှင့် အစွမ်းထက်သောဖောလိတ်ကြွယ်ဝသည်။ ဇင့်၊ မဂ္ဂနီဆီယမ်၊ ဆယ်လီနီယမ်နှင့် သံဓာတ်ပါဝင်မှုကြောင့် စိတ်ပိုင်းဆိုင်ရာထိန်းညှိမှုနှင့်အလုံးစုံကောင်းမွန်ရေးကို အထောက်အကူပြုသည်။ ထို့ကြောင့် ပဲအမျိုးမျိုးနှင့်ပဲစေ့များကို ဟင်းချို၊ စွပ်ပြုတ်များ၊ အသားငါးဟင်းများနှင့်အသုပ်များတွင် ထည့်စားသင့်ပါသည်။

**"အစားအသောက်သည် ရုပ်ပိုင်းဆိုင်ရာကျန်းမာမှုကိုမြှင့်တင်ပေးရုံသာမက စိတ်ကျန်းမာရေးကိုလည်း မြှင့်တင်ပေးနိုင်ပါသည်။ သို့သော် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုအလေ့အထနှင့် စုစုပေါင်းစားသောက်သည့်ပမာဏကို သတိထားရန်အရေးကြီးသည်။ အကြိုက်ဆုံးအစားအစာများသည် လူတစ်ဦးနှင့်တစ်ဦး၊ ယဉ်ကျေးမှုတစ်ခုနှင့်တစ်ခု ကွဲပြားသည်။ လက်တွေ့တွင် အကြိုက်ဆုံးအစားအစာများသည် ကျန်းမာရေးနှင့် မညီညွတ်သော (ကာဗိုဟိုက်ဒရိတ်နှင့် အဆီများကြွယ်ဝသော၊ ပြုပြင်ထုပ်ပိုးထားသော) အစားအစာများဖြစ်နေတတ်သည်။ ကြိုက်နှစ်သက်သည့်အစားအစာများကို သတိမထားမိဘဲ စားသုံးခြင်းဖြင့် နာတာရှည်ရောဂါများကို ခံစားရစေနိုင်ပါသည်. . ."**

### နနွင်း

နနွင်းတွင်တွေ့ရှိရသည့် Curcumin သည် Serotonin နှင့် Dopamine ထွက်ရှိမှုကို အကျိုးသက်ရောက်မှုရှိစေသည်။ Curcumin သည် ပိုမိုကောင်းမွန်သော စိတ်ခံစားချက်ဖြစ်စေ၍ ဦးနှောက်ဆဲလ်များ ပျက်စီးခြင်းမှကာကွယ်ပေးပြီး စိတ်ဖိစီးမှု၏ဆိုးကျိုးများကို ခံနိုင်ရည်ရှိစေသည်ဟု ၂၀၂၃ ခုနှစ် ဇန်နဝါရီလထုတ် အီတလီနိုင်ငံ၏ အာဟာရမဂ္ဂဇင်းတွင် သုတေသီများက ဖော်ပြခဲ့သည်။

အစားအသောက်သည် ရုပ်ပိုင်းဆိုင်ရာကျန်းမာမှုကိုမြှင့်တင်ပေးရုံသာမက စိတ်ကျန်းမာရေးကိုလည်း မြှင့်တင်ပေးနိုင်ပါသည်။ သို့သော် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုအလေ့အထနှင့် စုစုပေါင်းစားသောက်သည့်ပမာဏကို သတိထားရန်အရေးကြီးသည်။ အကြိုက်ဆုံးအစားအစာများသည် လူတစ်ဦးနှင့်တစ်ဦး၊ ယဉ်ကျေးမှုတစ်ခုနှင့်တစ်ခု ကွဲပြားသည်။ လက်တွေ့တွင် အကြိုက်ဆုံးအစားအစာများသည် ကျန်းမာရေးနှင့် မညီညွတ်သော (ကာဗိုဟိုက်ဒရိတ်နှင့် အဆီများကြွယ်ဝသော၊ ပြုပြင်ထုပ်ပိုးထားသော) အစားအစာများ ဖြစ်နေတတ်သည်။ ကြိုက်နှစ်သက်သည့်အစားအစာများကို သတိမထားမိဘဲ စားသုံးခြင်းဖြင့် နာတာရှည်ရောဂါများကို ခံစားရစေနိုင်ပါသည်။ ဟားဗတ်ဆေးတက္ကသိုလ်၏လေ့လာမှုအရ ပြုပြင်ထားသောအစားအစာများကို စားသုံးသူများသည် စိတ်ကျရောဂါဖြစ်နိုင်ခြေပိုများပြီး အစာစားချင်စိတ်ကို မြင့်တက်စေကြောင်းတွေ့ရှိရသည်။ ဘာပဲစားစား သတိတရားက အရေးကြီးပါသည်။ မျှတသောအစားအသောက်များကို ရွေးချယ်စားသောက်မှသာလျှင် ရေရှည်အကျိုးသက်ရောက်မှုကိုခံစားရပြီး အသက်ရှင်နေထိုင်နိုင်ပါလိမ့်မည်။

နေ့စဉ်ဘဝတွင် စိတ်ပျော်ရွှင်မှုကိုပြုစုပျိုးထောင်ခြင်းသည် ခံနိုင်ရည်ရှိမှုကို ဖန်တီးပေးနိုင်သဖြင့် လူတစ်ဦးချင်းစီ၏ ဘဝစိန်ခေါ်မှုများကို ပိုမိုထိရောက်စွာရင်ဆိုင်နိုင်သည့်ခွန်အားကိုဖြစ်စေသည်။ အစားအစာသည် ပျော်ရွှင်မှုနှင့်ကျန်းမာရေးအပေါ် သိသာထင်ရှားစွာသက်ရောက်မှုရှိနိုင်သဖြင့် စိတ်ခံစားချက်ကောင်းမွန်စေသောအစားအစာများကို သတိနှင့်ယှဉ်၍ ရွေးချယ်စားသုံးခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအကျိုးကျေးဇူးများကို ရယူနိုင်ပါစေကြောင်း ဖော်ပြအပ်ပါသည်။

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် နိုဝင်ဘာ ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**နိုဝင်ဘာလ ၈ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့်သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ Mitsubishi RVR မော်တော်ယာဉ်(၁)စီးနှင့် Luojia 110 မော်တော်ဆိုင်ကယ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့ပြင် **နိုဝင်ဘာလ ၁၀ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် မက်စ်ဟိုင်းဝေးတိုးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင်ကျွန်းသစ်(၁၁ ဒသမ ၈၂၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၆၃၀၈) နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၅၀၆၃၀၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **နိုဝင်ဘာလ ၁၁ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၆၅၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်ထားသည့် Dong Feng Truck (၁)စီးနှင့် စက်မှုဇုန်ထုတ် Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်နှင့်သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၂ ဒသမ ၂၅၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၈၄၀၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၂၄၃၄၀၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာလ ၈ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၀၄၉၇၁၂)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ဘုတလင်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူ ၂၆ ဦးကို သတ်ဖြတ်ပြီး နေအိမ် ၅၀၀ ခန့်အားမီးရှို့၍ ဒေသခံပြည်သူများအား ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း မဟုတ်မမှန်သတင်းများဖြန့်ဝေလျက်ရှိ




နေပြည်တော် နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူ ၂၆ ဦးကို သတ်ဖြတ်ပြီး နေအိမ်၅၀၀ ခန့်အားမီးရှို့၍ ဒေသခံပြည်သူများအား ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများလုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့်ဒေသခံပြည်သူများ၏ပြောကြားချက်အရ အကြမ်းဖက်သောင်းကျန်းသူများသည် ဘုတလင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် ရပ်ကွက်/ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများအေးချမ်းစွာလုပ်ကိုင်နေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဥပဒေမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်းများမရှိကြောင်းနှင့် ရပ်ကွက်/ကျေးရွာများအား မီးရှို့ခြင်းများ လုပ်ဆောင်မှုမရှိကြောင်း သိရှိရသည်။

ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

### ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၁၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/ဇလ)**

**ပျောက်ဆုံးကြောင်း**
မောင်အာကာသစ်လွင်(ဘ)ဦးသစ်လွင်ဦး ၁၀/မလမ(နိုင်)၂၈၁၂၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MME 664792)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
မောင်အောင်ဇော်ဦး(ဘ)ဦးစိန်လှ ၈/နမန(နိုင်)၁၇၃၀၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
အေမီဟန်(ဘ)ဦးယဉ်ဌေး ၁၁/အမန(နိုင်)၀၇၂၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 639608)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၂၉၇၉၄၄

**ပျောက်ဆုံးကြောင်း**
စုစုမွန်(ဘ)ဦးလှမောင် ၇/တငန(နိုင်)၀၉၇၅၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 660481)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မြင့်နိုင်(ဘ)ဦးလှစိန် ၅/အရတ(နိုင်)၀၇၂၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၀၇၄၆၉၉၄

**ပျောက်ဆုံးကြောင်း**
မလှသူဇာဦး(ဘ)ဦးသိန်းတန် ၁၀/သဖရ(နိုင်)၁၄၄၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
မောင်မိုးဇက်(ဘ)ဦးစောထူးဝါး ၁၀/မလမ(နိုင်)၂၄၉၄၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
မိုးကျော်(ဘ)ဦးမြသန်း ၇/ကဝန(နိုင်)၁၀၁၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၄၇၇၈၉၇၁

**ပျောက်ဆုံးကြောင်း**
သူရိန်(ဘ)ဦးအောင်ရွှေ ၁၂/ဥကမ(နိုင်)၀၁၅၇၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 022651)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၀၆၄၅၃၀

**ပျောက်ဆုံးကြောင်း**
ခင်မိုးဆွေ(ဘ)ဦးကျော်မိုး ၉/တသန(နိုင်)၂၆၉၈၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 931586)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မောင်ဟိန်းဇော်ဇော်(ဘ)ဦးဝင်းရှိန် ၁၀/သဖရ(နိုင်)၁၅၅၃၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသော မူလတန်းပြဆရာမ ဒေါ်မာလာသန်း၏ဖခင် ဦးသန်းမောင်နှင့် ဦးခင်လှိုင် NTN-011103 မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးသန်းမောင်(ခ)ဦးခင်လှိုင်

**ပျောက်ဆုံးကြောင်း**
ကိုကိုလင်း(ဘ)ဦးလှသိန်း ၁၂/မရက(နိုင်)၁၁၄၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၉၉၁၀၀၄၃

**ပျောက်ဆုံးကြောင်း**
ဆုမွန်ကျော်(ဘ)ဦးကျော်ကျော်ဦး(ခ)ဦးကျော်ဦး ၁၂/သလန(နိုင်)၁၄၁၇၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 413301)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၁၁၀၈၆၈၀

**ပျောက်ဆုံးကြောင်း**
ချင်ချင်ရီ(ဘ)ဦးလိုစီယား ၄/မတပ(နိုင်)၀၃၉၃၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မမြင့်မြင့်မိုး(ဘ)မာမက်ဟာတင် ၁၀/ကမရ(နိုင်)၂၁၃၉၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**
လယ်ဝေးမြို့နယ်၊ ချောင်းကျိုးကျေးရွာနေ မောင်နေလင်းဖြိုး၏ဖခင် ဦးမိုးအေးနှင့် ဦးသိန်းအေး ၉/လဝန(နိုင်)၀၂၂၅၃၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးမိုးအေး(ခ)ဦးသိန်းအေး

**ပျောက်ဆုံးကြောင်း**
သန္တာစိုး(ဘ)ဦးကျော်စိုး ၁၂/လသန(နိုင်)၀၁၉၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၃၆၁၁၃

**ပျောက်ဆုံးကြောင်း**
ခိုင်သူဇာ(ဘ)ဦးမောင်ရွှေ ၁၂/ဗတထ(နိုင်)၀၀၃၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(264404)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၆၄၄၈၂၅

**ပျောက်ဆုံးကြောင်း**
ဟယ်ရီစိုး(ဘ)ဦးမောင်မောင် ၉/လဝန(နိုင်)၂၅၃၀၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၇၃၇၇၉၁

**ပျောက်ဆုံးကြောင်း**
စန္ဒာမွန်(ဘ)ဦးမောင်လွင် ၁၀/ခဆန(နိုင်)၁၃၄၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၅၀၄၉၅၅၃၂

**ပျောက်ဆုံးကြောင်း**
မင်းဇော်ဦး(ဘ)ဦးဌေးဝင်း ၁၂/ဥကတ(နိုင်)၁၅၃၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၃၃၃၅၁၃

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ ဘူတာလမ်းနေ ဇိုင်း/မြောက်ရပ်ကွက်၊ အမှတ်(၂၂၁)နေ မောင်အောင်ခန့်(ဘ)ဦးအောင်စိန် ၇/ပခန(နိုင်)၅၁၄၇၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၂၉၄၄၀၆၅

**ပျောက်ဆုံးကြောင်း**
မျိုးမင်းထွေး(ဘ)ဦးစိန်တင်အောင် ၁၂/ဒဂမ(နိုင်)၀၁၃၆၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 636378)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၅၃၆၇၈၈

**အလိမ္မာစာမှာရှိ**

**ပျောက်ဆုံးကြောင်း**
မောင်ရန်နိုင်ဝင်း(ဘ)ဦးတင်မောင်ဦး ၁၀/သတန(နိုင်)၂၈၂၈၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
ခင်ဝါဝါ(ဘ)ဦးမြင့်အောင် ၉/ဝတန(နိုင်)၂၁၄၆၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပျော်ဘွယ်မြို့၊ ထိန်ကန်ကျေးရွာနေ ဒေါ်စန်းစန်းမြင့်(ဘ)ဦးကျော်သန်း ၉/ပဘန(နိုင်)၁၇၆၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 134177)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ပေါက်ခေါင်းမြို့၊ အမှတ်(၅)ရပ်ကွက်နေ နော်အဲဘယ်ဂရီး(ဘ)ဦးဂျောရီ ၁၄/ ပပတ(နိုင်)၂၀၁၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သန်းသန်းစိုး(ဘ)ဦးသန်းအောင် ၈/ပခက(နိုင်)၀၂၈၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၇၈၉၄၆၄၄

**ပျောက်ဆုံးကြောင်း**
မျိုးသီဟထွန်း(ဘ)ဦးသန်းလှ ၇/ဝမန(နိုင်)၁၈၀၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အေးသန္တာထွန်း(ဘ)ဦးခင်ထွန်း ၇/ပခန(နိုင်)၃၁၉၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 828196)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ဈေးပြိုင်လေလံစနစ်ဖြင့် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ မြေဧရိယာ (၀.၁၁)ဧကပေါ်ရှိ (၅)ထပ်အဆောက်အဦ၏ (၄)လွှာနေရာအား ရုံးခန်း(Office)/သင်တန်းကျောင်း (Training School)/ အားကစားခန်းမ(Gym)လုပ်ငန်းများမှ လုပ်ငန်းတစ်ခုကို ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်ရန်အတွက် (၁-၁-၂၀၂၅ မှ ၃၁-၁၂-၂၀၂၉ထိ) (၅)နှစ်သက်တမ်းဖြင့် ပြည်တွင်းပုဂ္ဂလိက/ကုမ္ပဏီအဖွဲ့အစည်းများသို့ ဈေးပြိုင်လေလံစနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ခြင်းအား (၂၉-၁၁-၂၀၂၄)ရက်နေ့၊ ၁၃:၀၀ နာရီတွင် မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာ၊ စခန်းသာညွှန့်ခန်းမဆောင်၊ ကွမ်းခြံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသူ ပုဂ္ဂလိက/ကုမ္ပဏီအဖွဲ့အစည်းများသည် တင်ဒါစည်းကမ်းချက်နှင့် တင်ဒါ အဆိုပြုလွှာပုံစံများကို (၁)စုံလျှင် ငွေကျပ် ၅၀,၀၀၀/-နှုန်းဖြင့် မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် (၇) ရန်ကုန်ရုံး၊ ရန်ကုန်ဘူတာ(ပထမထပ်)၌ (၁၁-၁၁-၂၀၂၄ မှ ၂၈-၁၁-၂၀၂၄ထိ) ရုံးချိန်အတွင်း (ရုံးပိတ်ရက်မပါ) ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ စီးပွားရေးဌာနခွဲရုံး(ရွာတော်) သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(ဖုန်း၊ ၀၆၇-၄၅၁၀၀၃၃၊ ၄၅၁၀၀၉၉)သို့ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးဆပ်ကော်မတီ**




## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုလျက်ရှိသော CBM/ G-15: Hardware Requirement for HR Application System (CBM-HCI Enviroment)ရှိ Server နှင့် Switch များအတွက် (၁)နှစ်သက်တမ်းရှိ နည်းပညာအထောက်အကူပေးခြင်းဝန်ဆောင်မှု (CBM-OA Enviroment ရှိ Server များအား CBM-HCI Enviroment သို့ ပြောင်းရွှေ့ခြင်းလုပ်ငန်းအပါအဝင်)အား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၁၁-၁၁-၂၀၂၄) ရက်နေ့မှ (၂၀-၁၁-၂၀၂၄)ရက်နေ့အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section သို့ လူကိုယ်တိုင်လာရောက်ဝယ်ယူရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၆-၁၁-၂၀၂၄)ရက်နေ့ မွန်းလွဲ(၂:၀၀)နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section တွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါအာမခံကြေးအဖြစ် (၃)လသက်တမ်းရှိ Bank Guarantee Letter မူရင်းအား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိတ်ပိတ်တင်သွင်းရပါမည်။ (တင်ဒါအာမခံအား ငွေသား(သို့မဟုတ်) PO Cheque ဖြင့် တင်သွင်းခြင်းအား လုံးဝ(လုံးဝ)လက်မခံပါ။)

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section ၏တယ်လီဖုန်းနံပါတ် ၀၁-၉၅၅၅၅၃၀ နှင့် Email လိပ်စာ inframaint@cbm.gov.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## GCL INTERNATIONAL ASSESSMENT (MYANMAR) LIMITED
### (အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
### နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

GCL INTERNATIONAL ASSESSMENT (MYANMAR) LIMITED နောက်ဆုံးအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ နံနက်(၁၂:၀၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အောင်မင်္ဂလာလမ်း၊ အမှတ်-၈တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

**ဦးဇင်ဝေ B.Com(AA), CPA(210)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

### ပျောက်ဆုံးကြောင်း
ဇူးဇူး(ဘ)ဦးစိုးနိုင် ၉/မခန(နိုင်)၂၆၆၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 873112)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၉၅၅၈၀၃

### မွေးသက္ကရာဇ်အမှန်
ပဲခူးမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အငယ်တန်းစာရေး ဦးစိန်ဝင်း ၇/ပခန(နိုင်)၀၅၁၇၆၉ ၏မွေးသက္ကရာဇ် အမှန်မှာ ၂၂-၈-၁၉၆၇ ဖြစ်ပါကြောင်း။
၂၂-၈-၁၉၆၇

### ပျောက်ဆုံးကြောင်း
ကောင်းမျိုးခန့်(ဘ)ဦးမျိုးဝင်း ၁၂/ဒဂတ(နိုင်)၀၈၄၉၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၂၃၇၀၇၅

### အမည်မှန်
အထက၊ ကျီးချောင်း၊ ကန်ကြီးထောင့်မြို့နယ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-11 မှ မဝင်းသူဇာ၏ဖခင် ဦးမုန်တိုင်း၏အမည်မှန်မှာ ဦးအောင်မင်းကျော် ၁၄/ပသရ(နိုင်)၁၀၂၀၀၅ ဖြစ်ပါကြောင်း။ **ဦးအောင်မင်းကျော်**

### ပျောက်ဆုံးကြောင်း
ဒေါ်ခိုင်(ဘ)ဦးအောင်မှတ် ၉/ရမသ(နိုင်)၁၅၈၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မျိုးမင်းအောင်(ဘ)ဦးအောင်ကြည် ၁၂/ခရန(နိုင်)၁၃၈၉၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မောင်ပြည့်စုံ(ဘ)ဦးသောင်းရွှေ ၉/သစန(နိုင်)၁၆၉၉၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 309382)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၅၆၈၈၇၄၃

### ပျောက်ဆုံးကြောင်း
ရဲဝင်းဌေး(ဘ)ဦးတင်ဟန် ၇/ဇကန(နိုင်)၀၅၃၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နန်းနှင်းနုအောင်(ဘ)ဦးအောင်မြတ် ၁၃/မဆတ(နိုင်)၀၆၃၆၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 050956)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၄၆၄၂၀၃၁

### ပျောက်ဆုံးကြောင်း
မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ နယ်မြေ(၃)လမ်းနေ ဆိုင်းဒိမ်(ဘ) ဦးကမော်ဂမ် ၁/မကန(နိုင်)၁၅၉၄၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (M 295786)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ပေါက်ခေါင်းမြို့၊ တောင်နံ့သာရွာနေ မိုးစန္ဒာထွေး(ဘ)ဦးတင်မောင်ရွှေ ၇/ပခတ(နိုင်)၀၉၆၀၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မိုးအိအိစိုး(ဘ)ဦးအောင်သန်းထွန်း ၁၂/မဂတ(နိုင်)၀၉၉၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
ကေသရီကျော်(ဘ)ဦးမိုးဦး ၁၂/ဒဂမ(နိုင်)၀၃၁၃၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 189961)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၄၅၇၅၂၉၅

### ပျောက်ဆုံးကြောင်း
နန်းသဇင်ဦး(ဘ)ဦးလှပွား ၅/ကလထ(နိုင်)၂၁၇၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 782385)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၅၀၅၀၅၉၈

### ပျောက်ဆုံးကြောင်း
ဇင်မျိုးဆွေ(ဘ)ဦးမြင့်ဆွေ ၁/ဟပန(နိုင်)၀၁၅၈၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 854514)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### အမည်မှန်
အထက၊ ကျီးချောင်း၊ ကန်ကြီးထောင့်မြို့နယ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-9 မှ မောင်လင်းလဲ့ဦး၏ဖခင် ဦးစမိုး၏အမည်မှန်မှာ ဦးမြမင်းမိုး ၁၄/ကကထ(နိုင်)၁၅၇၇၇၄ ဖြစ်ပါကြောင်း။ **ဦးမြမင်းမိုး**

### ပျောက်ဆုံးကြောင်း
မျိုးဇော်ဝင်း(ဘ)ဦးစောဝင်း ၁၂/ကတန(နိုင်)၁၄၃၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
သန်းလှိုင်(ဘ)အောင်ရွှေ ၁၂/သဃက(နိုင်)၀၂၅၄၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၇၃၂၇၂၅

### ပျောက်ဆုံးကြောင်း
နန့်လေးလေးနွယ်ထွန်း(ဘ)ဦးတင်ထွန်း ၁၄/ကပန(နိုင်)၁၂၈၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နော်ဝကလေ့ဖေါ(ဘ)ဦးကကူး ၃/ဘအန(နိုင်)၄၂၁၄၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဇောတိက (၁)လမ်း၊ အမှတ်(၂၂၄)နေ ဒေါ်တင်အုန်းရင်(ဘ) ဦးငယ် ၁၂/ဥကမ(နိုင်) ၁၃၄၆၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၄၀၇၆၇၂

### ပျောက်ဆုံးကြောင်း
ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့၊ စယ်လန့်(တောင်ရပ်)နေ နန်းနွမ်ဖောင် (ဘ)ဦးစိုင်းအောင်ဝင်း ၁၃/မဆတ(နိုင်)၀၆၇၅၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၈၃၅၉၅၄၇

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့၊ အမှတ်(၂)ရပ်ကွက်နေ မနန်းအဥ္စလီ(ဘ)ဦးမျိုးနိုင် ၇/ရတရ(နိုင်)၂၀၂၀၄၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 858624)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၆၁၁၄၆၄၅

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်သိန်းတင်
## အသက် (၉၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့၊ မင်းကုန်းရပ်၊ ယုဝလမ်းနေ ဆရာကြီး ဦးသန်းမောင်(စိုက်အ-ထ-က) ၏ဇနီး၊ ဒေါ်ခင်လှိုင်သန်း၊ ဦးမောင်မောင်တင်-ဒေါ်ချိုချိုသန်း၊ ဦးခင်ဇော်-ဒေါ်ဇော်ဇော်သန်း၊ ဦးစိုးသိန်း-ဒေါ်မော်မော်သန်း၊ ဦးမောင်မောင်သန်း-ဒေါ်နုနုဆွေ တို့၏မိခင်ကြီး၊ ဒေါက်တာကျော်ထင်၊ ဒေါက်တာမြတ်သူ-ဒေါက်တာအေးစုမွန်၊ မခင်စန္ဒီဇော်၊ မဝင်းသူဇာသန်း၊ ဒေါက်တာစွမ်းထက်၊ မောင်သက်ဆွေမောင်၊ မောင်အာကာမင်း၊ ဒေါက်တာမင်းသန့်၊ မောင်ရဲခန့်မင်းမြတ်တို့၏အဘွား၊ မအိသူသူအောင်၏ ဘွားဘွားကြီး

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**
**အေဝမ်း ဆေးလိပ်လုပ်ငန်းပိုင်ရှင် ဒေါ်သိန်းတင် အသက်(၉၄)နှစ်သည်**

၁၃၈၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၀)ရက်၊ ၁၀-၁၁-၂၀၂၄(တနင်္ဂနွေနေ့) ညနေ (၅:၁၀)နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်အား တန်ဆောင်မုန်းလဆန်း(၁၁)ရက်၊ ၁၁-၁၁-၂၀၂၄(တနင်္လာနေ့) ညနေ(၃)နာရီတွင် မြစ်သားမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

❖ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ် . . .
❖ နိုင်ငံစားရေရိက္ခာကို အထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ပို့ကုန်များ ပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ် . . .
❖ ထို့ကြောင့် ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် သေချာသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၄) သို့တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်နိုင်ငံခရီးစဉ်တွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက်ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ခဲ့ခြင်းတို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သောကောင်းမွန်သည့် ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မြန်မာနိုင်ငံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၊ တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားအသင်းအဖွဲ့များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်


စာမျက်နှာ ၇ ကော်လံ ၁ ➲

# လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်ယွန်းယွန်းသို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးနာဒူးလ်ကမ်းခြေ၊ သီရိလင်္ကာနိုင်ငံကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)




## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း အမိနိုင်ငံတော်အတွက် စွမ်းဆောင်ကြိုးပမ်းခဲ့မှုနှင့် ပြည်သူတို့၏ လှိုက်လှဲစွာကြိုဆိုနေမှုမြင်ကွင်းပုံရိပ်များ

စာ - ၅၊ ၆ သို့

**ဆောင်းပါး**

## သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများ

စာ - ၁၁ သို့

**ကဗျာ**

## "ဆွေမျိုးပေါက်ဖော် ရှေ့ခရီး"

စာ - ၂၂ သို့

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT ASTM.C150 TYPE I (42.5) ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT ASTM.C150 TYPE II (32.5) ဆင်မင်းဘိလပ်မြေ